ဓါတ်မှန်

The Mirror Daily

Established in 1957

၁၉၅၇ ဖြစ် ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် သောကြာနေ့။ Friday, 27 November 2026 ၁၂၃၅

ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏

လောကဌ် အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဌ် ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် (ဓမ္မပဒ- ၃၃၂)

ပခုက္ကူမြို့၌ သီတဂူစက္ခုဒါန မျက်စိအထူးကုအဖွဲ့က မျက်စိဝေဒနာရှင်ပြည်သူများအား စတင်စစ်ဆေးခွဲစိတ်ကုသပေးလျက်ရှိ

ပခုက္ကူ နိဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်ရှိ သီတဂူစက္ခုဒါနတံတားဦးဆေးရုံတော်၌ နီပေါနိုင်ငံမှ မျက်စိအထူးကုပါရဂူဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံမှ မျက်စိအထူးကုပါရဂူဆရာဝန်ကြီးများ ဦးဆောင်သော သီတဂူစက္ခုဒါနမျက်စိအထူးကုအဖွဲ့က ယနေ့ နံနက်ပိုင်းမှစတင်ပြီး မျက်စိဝေဒနာရှင်ပြည်သူများအား စမ်းသပ်စစ်ဆေးပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆောင်ရွက်ပေးလျက်ရှိ

အဆိုပါလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအတွင်းရှိ မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပခုက္ကူခရိုင်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းပါဝင်မှုတို့ဖြင့် တစ်ရက်လျှင် စမ်းသပ်စစ်ဆေးလူနာ ၄၀၀ နှုန်းနှင့် ခွဲစိတ်ကုသရန် လိုအပ်သည့် လူနာအများဆုံး ၁၅၀ နှုန်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○





မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိဝင်ဘာ ၂၆

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

လွိုင်ကော်မြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပ

လွိုင်ကော် နိဝင်ဘာ ၂၆

ကယားပြည်နယ်အတွင်း မသန်စွမ်းသူများ၏ ဘဝအရည်အသွေးပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူများနည်းတူ တန်းတူညီမျှမှုရရှိစေရန်နှင့် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်များကို အလေးထားဂရုပြုတတ်စေရန်ရည်ရွယ်၍ ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု မသန်စွမ်းအားကစားပြိုင်ပွဲကို ယနေ့တွင် လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၆)ကျင်းပ

စာမျက်နှာ » ၅

အမျိုးသားအောင်ပွဲနေ့သန္ဓေတည် တိုင်းပြည်သာယာဝပြောရေး နိုးကြားတက်ကြွလှုပ်ရှားချိန်တန်ပြီ

ဆောင်းပါး စာမျက်နှာ » ၆

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်း နိဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်မည်

စာမျက်နှာ » ၇

မဟာမဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအလားအလာများ

ဆောင်းပါး စာမျက်နှာ » ၁၀

နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးစီးပွားစုစည်းညီညွတ်မှုဖြင့်ထိန်းသိမ်းကာကွယ်

မြန်မာနိုင်ငံသည် နိုင်ငံ၏နောက်ခံသမိုင်းကြောင်းနှင့်ပကတိအခြေအနေ အရှိတရားများအရ မိမိနိုင်ငံနှင့် မိမိနိုင်ငံသားများ၏ အကျိုးစီးပွားကိုအလေးထား၍ မြန်မာနိုင်ငံ၏ ပိုင်ဆိုင်ထားသောအရင်းအမြစ်များနှင့် နိုင်ငံ၏စွမ်းပကားများကို အပြည့်အဝအသုံးချ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိတ်ဝတ်မပျက်ချစ်ကြည်ရင်နှီးစွာ ဆက်ဆံဆောင်ရွက်လျက်ရှိသည်။ မိတ်ဆွေနိုင်ငံများ၏ အပြုသဘောဆောင်အကောင်းမြင်မှုများရှိသလို မြန်မာနိုင်ငံအပေါ် အကောင်းမမြင် ပျက်စီးရာပျက်စီးကြောင်း ကြံဆောင်နေကြသူများလည်း ရှိသည်။

ပြီးခဲ့သည့်ကာလက မြန်မာနိုင်ငံနှင့်မိုင်ပေါင်းထောင်ချီဝေးသည့် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် စွပ်စွဲတင်သွင်းခဲ့သည့်အမှုတွင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) က စီရင်ချက်ချမှတ်ခဲ့သည်ကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ ယင်းကိစ္စသည် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲချက်ပင်ဖြစ်ပြီး အဆိုပါအမှုကို တင်သွင်းခဲ့သည်မှ ခုနှစ်နှစ်ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် တရားရုံး၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်မှုများကို အချက်အလက်ခိုင်မာစွာဖြင့် တက်တက်ကြွကြွဆောင်ရွက်ခဲ့သည်။ လူမျိုးသုဉ်းဓေမှု (Genocide) ဟူသည့် အသုံးအနှုန်းအနေဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာကို များစွာထိခိုက်စေသည်။ မြန်မာနိုင်ငံအနေဖြင့် တရားရုံးသို့ စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း လျှောက်လဲချက်များ တင်သွင်းရာတွင် သက်ဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းများနှင့် သက်သေအထောက်အထားများကို ပြည်ပြည့်စုံစုံတင်သွင်းခဲ့ပြီးဖြစ်သည်။

သို့သော် တရားရုံးအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို မျက်ကွယ်ပြုပြီး တစ်ဖက်သတ်အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၂၅ ရက်နေ့ကပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက “မိမိအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်သဖြင့် နိုင်ငံတော်တွင် ဖြစ်ပျက်နေသည့်ကိစ္စရပ်ဟုသမျှသည် မိမိ၌ အဓိကတာဝန်ရှိသည်ဟု ခံယူထားပြီး နိုင်ငံတော်အား ထိပါးလာသည့် ကိစ္စရပ်မှန်သမျှကို လက်ခံမည်မဟုတ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ မဲခွဲဆုံးဖြတ်မှုများနှင့်ပတ်သက်၍လည်း တာဝန်သိနိုင်ငံတစ်ခုအနေဖြင့် လုပ်ဆောင်ရန်သင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုက်နာရန်မသင့်သည်များကို လိုက်နာဆောင်ရွက်သွားမည်မဟုတ်ကြောင်း” အတိအလင်းပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအပေါ် သစ္စာမဲ့သူများက အမျိုးမျိုးပုံဖျက်ပြောကြားနေကြသော်လည်း နိုင်ငံတော်အကြီးအကဲ၏ ပြတ်သားသောဆုံးဖြတ်ချက်နှင့်အတူ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများကို ချစ်ခင်မြတ်နိုးတန်ဖိုးထားသည့် မြန်မာနိုင်ငံသားများ၏ စုပေါင်းညီညွတ်သောစွမ်းပကားဖြင့် မိမိနိုင်ငံအကျိုးကို ကာကွယ်စောင့်ရှောက်ကြမည်ဖြစ်သည်။ အာဆီယံနှင့်ပတ်သက်၍လည်း နိုင်ငံတော်သမ္မတ၏ သဘောထားကို ပြတ်ပြတ်သားသား ထင်ထင်သိရှိရပြီးဖြစ်သည်။ အာဆီယံပဋိညာဉ်များနှင့် မူဝါဒများကို မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များက လက်မှတ်ရေးထိုးသဘောတူထားခြင်းဖြစ်သည်။ ယင်းပဋိညာဉ်နှင့် မူဝါဒများမှာ အသက်ဝင်နေဆဲဖြစ်ပြီး ပျက်ပြယ်မှုမရှိသရွေ့ ယင်းအပေါ်တွင်အခြေခံ၍သာ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်နှင့်မူဝါဒအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သလို အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံနှင့်တစ်မြေတည်း၊ တစ်ရေတည်း၊ တစ်သွေးတည်း ထိတွေ့ဆက်ဆံနေထိုင်လျက်ရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာကြရန်လိုပြီး အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကိုလည်း လေးစားလိုက်နာရန်လိုသည်။

အစိုးရတစ်ရပ်အနေဖြင့် မိမိနိုင်ငံနှင့် မိမိလူမျိုး၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသကဲ့သို့ နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ဦးဆောင်ဦးရွက်ပြု၍ ထိန်းသိမ်းဆောင်ရွက်သွားရန်တာဝန်ရှိသည်။ ထို့အပြင် အခြားဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားရမည်ဖြစ်ပြီး မည်သည့်ဘာသာတရားကိုကိုးကွယ်ယုံကြည်သည်ဖြစ်စေ သက်ဆိုင်ရာဘာသာတရားများ၏ အဆုံးအမများအတိုင်း ထိန်းသိမ်းလိုက်နာကျင့်သုံးသွားရန်လိုမည်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအပေါ် ထိပါးစေမည့် လုပ်ဆောင်မှုမှန်သမျှကို လက်မခံဘဲ ပြတ်ပြတ်သားသား ကာကွယ်တိုက်ဖျက်ဆန့်ကျင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် သမိုင်းကြောင်းအစဉ်အလာကောင်းမွန်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာများကို ခေတ်အဆက်ဆက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည့် ဂုဏ်သိက္ခာအစဉ်အလာကြီးမားသောနိုင်ငံဖြစ်သလို မျက်မှောက်ကာလတွင် ကြုံတွေ့လာရသော နိုင်ငံတကာဆက်ဆံရေးနှင့် ပြည်တွင်းအခြေအနေများကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းညီညွတ်သောစွမ်းပကားများဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြဦး ကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမိုး ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးနေမျိုး ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရေနည်းမည့် သတိပေးချက်

နေပြည်တော် နိုဝင်ဘာ ၂၆

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၇၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်သည်။

မိုး/၈လ

**ရေရှားမည့်ဘေး
ရှောင်ရှားဖို့၊
ရေချိုအရင်းအမြစ်များကို
ထိန်းသိမ်းစို့**

(၂၆-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၁ ~ ၃၆၆၆.၄	၅၅၇.၃ ~ ၅၅၇.၉	၁၂၅.၃ ~ ၁၂၅.၆	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၄,၄၅၇,၇၉၁.၈၁	၁,၅၃၃,၃၆၄.၆၄	၄၉,၂၈၄,၃၈၉.၉၁	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၆ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၁၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ဒွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၆ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၀,၅၀၀	၂၁,၀၀၀	၁,၁၆၈	၂၄,၃၇၆,၀၀၀
MTSH	၈,၆၀၀	၈,၇၀၀	၁,၆၈၆	၁၄,၆၄၆,၃၀၀
MCB	၁၃,၀၀၀	၁၃,၀၀၀	၄၂၆	၅,၅၃၈,၀၀၀
FPB	၇,၀၀၀	၇,၀၀၀	၄၅၂	၃,၁၆၄,၀၀၀
TMH	၃,၂၀၀	၃,၂၀၀	၁	၃,၂၀၀
EFR	၁,၆၅၀	၁,၆၅၀	၇,၃၅၃	၁၁,၈၃၂,၄၅၀
AMATA	၄,၁၀၀	၄,၁၀၀	၁၀၇	၄၃၈,၇၀၀
MAEX	၆,၆၀၀	၆,၆၀၀	၄၁၈	၂,၇၅၈,၈၀၀
MADPL(PLB)	၆,၄၀၀	၆,၄၀၀	၃	၁၉,၂၀၀
ASPGB(PLB)	၅,၇၀၀	၅,၇၀၀	၆၇၅	၃,၈၁၂,၃၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိမိဇော်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊		ခိုင်သန္တာလွှေ့၊ ခင်ယုဆွေ့၊
	ယုဝါဝါ၊ သီသီမင်း၊	အယ်တန်း	- အောင်ကျော်ဦး၊ သန်းတင်အောင်
	ဟိန်းထက်လင်း၊ သက်ထွေး၊	သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
	စန်းယဉ်ဌ၊ နိုင်လင်းကြည်	သုတေသန	- ဇင်မာဝင့်
ဘာသာပြန်	- အောင်ကျော်ကျော်၊	စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
	စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင်းအဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ (၅)နှစ်အောက်ကလေးငယ်များအား အဓိလိုက် ကာကွယ်ဆေးများ တိုက်ကျွေးပေးစဉ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ ပညာရေးကဏ္ဍ ဆောင်ရွက်မှုများအတွက် ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ပိုးမှ

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများ ဖြစ်ကြသည့် ဒုတိယသမ္မတ(၁)၏ ဇနီး ဒေါ်စမိုးစမိုးအေးနှင့် ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဥယျန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး မိခင်နှင့် ကလေးများသည် အရေးပါသည့် အစိတ်အပိုင်းများ ဖြစ်ပါကြောင်း၊ မိခင်သေဆုံးနှုန်း၊ မွေးကင်းစကလေးများသေဆုံးနှုန်း၊ အသက်တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေး သေဆုံးနှုန်းသည် နိုင်ငံတော်၏ ကျန်းမာရေးအခြေအနေကို တိုင်းတာရာတွင် အဓိကကျသည့် အညွှန်းကိန်းများဖြစ်ပါကြောင်း၊ မိခင်နှင့်ကလေးသေဆုံးမှုနှုန်းကို လျော့ချနိုင်ခြင်းသည် မိသားစုတစ်ခုချင်းစီ၏ ဘဝကို သာမက နိုင်ငံတစ်နိုင်ငံလုံး၏ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် မျှော်မှန်းလူသက်တမ်း တိုးမြင့်လာရေးတို့ကို အကျိုးပြုစေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိခင်နှင့်ကလေး ကျန်းမာရေးကို မြှင့်တင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာသက်ရှည်စွာနေထိုင်နိုင်ရေးတို့ကို နိုင်ငံတော်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိပြီး ထိုလုပ်ငန်းစဉ်များအောင်မြင်ရန် ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်း၏ ကြိုးပမ်းမှုဖြင့် မလုံလောက်ပါကြောင်း၊ မိသားစု၊ ရပ်ရွာလူထု၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက ကဏ္ဍနှင့် မိတ်ဖက်အဖွဲ့အစည်းများ အားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း။

အသင်းဝင်များ အနေဖြင့် ကျေးလက်ဒေသနှင့် အခြေခံကျန်းမာရေး ဝန်ဆောင်မှုလိုအပ်နေသော လူမှုအသိုက်အဝန်းများအတွင်း ရပ်ရွာပြည်သူလူထုနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံ၍ ကျန်းမာရေး အသိပညာများ ဖြန့်ဝေပေးနေပြီး ပြည်သူလူထု၏ ယုံကြည်မှုရရှိအောင် ဆောင်ရွက်ပေးနေသည့်အတွက် အထူးအသိအမှတ်ပြုလိုပါကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံတော်၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံးနှင့်အတူ လက်တွဲညီညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ပါစေ ဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးစသည့် ကဏ္ဍကြီး(၄)ရပ် လှုပ်ရှားဆောင်ရွက်မှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ရာ ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ ၏ဇနီး ဒေါ်ကြူကြူလှက ပညာရေးကဏ္ဍ ဆောင်ရွက်မှုများအတွက် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါ်စမိုးစမိုးအေးက လူမှုရေးကဏ္ဍလှုပ်ရှား ဆောင်ရွက်မှုများအတွက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ စာမျက်နှာ ၄ သို့ ☆



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများခင်းကျင်းပြသ ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။



ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ(၁)၏ဇနီး ဒေါ်စမိုးစမိုးအေး လူမှုရေးကဏ္ဍလှုပ်ရှားဆောင်ရွက်မှုများအတွက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ(၂)ဒေါ်နန်းနီနီအေး စီးပွားရေးကဏ္ဍလှုပ်ရှားဆောင်ရွက်မှုအတွက် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။





နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ် နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/၈လ

☆ စာမျက်နှာ ၃ မှ

မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့များကိုလည်း ကောင်း၊ ဂုဏ်ထူးဆောင် နာယက ဒေါ်နန်းနီနီအေးက စီးပွားရေး ကဏ္ဍ လှုပ်ရှားဆောင်ရွက်မှု အတွက် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆု ရရှိသည့် မွန်ပြည်နယ်တို့မှ မိခင် နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့များကိုလည်း ကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကျန်းမာရေး ကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိ သည့် တနင်္သာရီတိုင်းဒေသကြီး တို့မှ မိခင်နှင့်ကလေးစောင့်ရှောက် မှုကြီးကြပ်ရေး အဖွဲ့များကိုလည်း ကောင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်း မြင့်အောင်က လှုပ်ရှားမှုထူးချွန် နှစ်သိမ့်ဆုရရှိသည့်ကဆားပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ် ရေးအဖွဲ့များကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းနှင့် တိုင်းဒေသကြီးပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ် ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက် မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှသည် ကိုယ်ဝန်ဆောင် မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာ များ ထောက်ပံ့ပေးပြီး (၅)နှစ် အောက် ကလေးငယ်များအား အဓိပိုက် ကာကွယ်ဆေးများ တိုက်ကျွေးပေးကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များက ဒေသ ထွက် ကုန်ပစ္စည်းများနှင့် ရိုးရာ လက်မှုပစ္စည်းများ ခင်းကျင်းပြသ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင် နှင့် ကလေးစောင့်ရှောက်ရေး အသင်း (၃၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ စန်းစန်းမြင့်အောင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက ၂၀၂၅ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကိုလည်း ကောင်း၊ အသင်းဘဏ္ဍာရေးမှူးက ၂၀၂၅ - ၂၀၂၆ ခုနှစ် ငွေစာရင်း ရှင်းတမ်းနှင့် ၂၀၂၆ - ၂၀၂၇ ရာသုံး မှန်းခြေစာရင်းကို လည်းကောင်း ဖတ်ကြား တင်သွင်းကြသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင် နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့များက ၂၀၂၅ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်း ကြပြီး သဘာပတိများက နှစ်ချုပ် အစီရင်ခံစာအပေါ် သုံးသပ်အကြံပြု ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ ပခုက္ကူမှ

လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များနှင့် ဒေသခံ ပြည်သူများက မျက်စိဝေဒနာရှင်များအား ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ စနစ်တကျ စုဝေးစေပြီး သီတဂုစက္ခုဒါန တံတားဦးဆေးရုံ တော်သို့ မော်တော်ယာဉ်များဖြင့် အသုတ်လိုက် ပို့ဆောင်ပေးခြင်း၊ စာရင်းများရေးသွင်းပေးခြင်း၊ နေရာချထားပေးခြင်းများ ဆောင်ရွက်ပေး လျက်ရှိသည်။

ကူညီဆောင်ရွက်

ထိုသို့ ဆောင်ရွက်ပေးနေမှုကို နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းမင်းလတ်၊ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ဆေးရုံ အုပ်ကြီး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင် များက ကြည့်ရှုအားပေးကြပြီး လိုအပ်သည် များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

ဘာမီသာ(ပခုက္ကူ)

❖ ဝါရိုင်ကော်မှ

ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်နှင့် တက်ရောက်လာကြသူများက ပြည်နယ် အားကစားရုံ အမှတ်(၃)တွင် ကျင်းပသည့် ပန်းချီ စစ်တုရင်နှင့် စားပွဲတင် တင်းနစ် အားကစားနည်းများကို လည်းကောင်း၊ ပြည်နယ်ဘောလုံးကွင်း အတွင်း၌ ကျင်းပသည့် သံပြားပစ်၊ လုံတပ်စ်ပြိုင်ပွဲများ၊ ဝိုလီဗေါ် (ကျား/မ) မီတာ ၅၀ အပြေး ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး သည်။

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ နေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု မသန်စွမ်းအားကစားပြိုင်ပွဲကို ပွဲစဉ် ၁၇ ပွဲ၊ အားကစားနည်း ခုနစ်နည်း၊ ကစားသမား ၈၀ တို့ ပါဝင်ယှဉ်ပြိုင် ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ထို့ပြင် ဝါရိုင်ကော်မြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေခံပညာနှင့် စက်မှု စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ချိုကယ်)ရှိ စာသင်ဆောင်များကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ် ပြန်လည် ထူထောင်ရေးရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြုပြင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှု စစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်း များ အမြန်ဆုံးဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီ စေရေးအတွက် လိုအပ်သည်များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးကာ အခြေခံပညာနှင့် စက်မှု စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (ချိုကယ်)တွင် တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)



ဆိပ်ကြီးခနောင်တိုမြို့နယ်၌ စာဖတ်ရှုနိုန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှုနိုန် မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျောင်းခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ရန်ကုန် တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး အရာရှိက စာဖတ်ရှုနိုန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် မူလတန်းအဆင့် ကဗျာရွတ်ဆို ပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ကြရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

အင်းစိန် အထက(၂)၌ အသိပညာပေး ဟောပြောပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ရှင်သန် ထက်မြက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အင်းစိန် အထက(၂)၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အသိပညာပေး ဟောပြော

အခမ်းအနားတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာ စကားပြောကြားပြီး အမှတ်(၆၉) ယာဉ်ထိန်းရဲ တပ်ဖွဲ့ စုမှူးရုံးမှ ဒုတိယရဲမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ၊ ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ လက်ထောက်ညွှန်ကြားရေး မှူးက လူငယ်နှင့်မျိုးချစ်စိတ်ဓာတ် ဆိုင်ရာနှင့်စာရေးဆရာ၊ သတင်းစာ ဆရာ (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က လူငယ်တို့၏ ရင်တွင်း၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြားရေးဆိုင်ရာ အသိ ပညာပေး ဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ယာဉ်ထိန်းရဲ တပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ ခဲ့ကြောင်း သိရသည်။

မြင့်ဦး

ရေရှားမည့်ဘေး ရှောင်ရှားဖို့၊ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၆)ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ အတွင်းရေးမှူးစစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် အလုပ်အဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ "စည်းကမ်းတကျဆင့်ခေါ်မှုကို အလေးထားရန်" လမ်းညွှန်ထားရှိမှုအပေါ် အဆင့်ဆင့်သော ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် ဦးစွာမှာကြားလိုပါကြောင်း၊ နိဒါန်းတော်ကာကွယ်ရေးအတွက် အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည်နှင့်အညီ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျစီမံခန့်ခွဲပြီး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မိမိတိုင်းဒေသကြီး/ပြည်နယ်အလိုက် နယ်မြေများအတွင်း အမှုဆင့်ခေါ်မှုနှင့် ငွေကြေးတောင်းခံမှုများ မရှိစေရေး စနစ်တကျစီမံချက်ချဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဖြစ်မှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဖြစ်မှုကျူးလွန်သူတချို့ကြောင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်၏ပုံရိပ်ကို ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အနေဖြင့်လည်း ဗဟိုအဖွဲ့သို့တင်ပြလာသည့် တိုင်ကြားစာများအား စနစ်တကျစိစစ်၍ အရေးယူစေလျက်ရှိပါကြောင်း၊ ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနနှင့်လည်း ပေါင်းစပ်၍ ဥပဒေမဲ့ဆောင်ရွက်ချက်များကို ထိထိရောက်ရောက် အရေးယူလျက်ရှိပါကြောင်း။



ယနေ့အထိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇) (၇/၂၀၂၆)ထိ သင်တန်းဆင်းခဲ့ပြီး လက်ရှိတွင်လည်း သင်တန်း(၃)ပတ်စဉ် ဖွင့်လှစ်တက်ရောက်လျက်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အဖွဲ့များအနေဖြင့် အင်အားအချက်အလက်အမှန်ရရှိရေး မိမိနယ်မြေအတွင်း အကျုံးဝင်သူအင်အားစာရင်းကို သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် ပေါင်းစပ်၍ စာရင်းပြုစုမှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့မှတ်ပုံတင်ထားသူများကို အလှည့်ကျစနစ်ဖြင့် ဆင့်ခေါ်နိုင်ရေး စီမံထားရှိရမည်ဖြစ်ပါကြောင်း။

လူမှုကွန်ရက်များပေါ်တွင် တပ်မတော်အရာရှိအယောင်ဆောင်ပြီး ငွေကြေးလိမ်လည် တောင်းခံနေသူများအား ဖော်ထုတ်အရေးယူခဲ့ပါကြောင်း၊ ဆက်လက်၍လည်း စိစစ်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်၊ လျှောပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်ရရှိသူများကိုလည်း တပ်/သင်တန်းကျောင်းများမှ ပြန်လည်စေလွှတ်ပေးသည့်အခါ သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများသို့ သာ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျလွှဲပြောင်း/လက်ခံပြုလုပ်၍ စေလွှတ်ပေးလျက်ရှိပါကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီသို့ လွှဲပြောင်း/ လက်ခံပြုလုပ်ပေးခြင်းမျိုးမရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အလုပ်အဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာ ကဏ္ဍအလိုက်အကြံပြုဆွေးနွေးရာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ဖလမ်း နိဝင်ဘာ ၂၆

ဖလမ်းမြို့ ကျင်္ကာလရပ်ကွက်၌ အကြမ်းဖက် ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် သူနာပြုသင်တန်းကျောင်း ဘွဲ့နှင်းသဘင်ခန်းမဆောင်၊ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ကျန်းမာရေး ဝန်ထမ်းအိမ်ရာ ၆ ခန်းတွဲ ၂ ထပ်တို့ ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပြုပြင်ပြီးစီးသည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများ နေထိုင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်ကျော်ဟန်၊ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။



ထိုပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရွာဖျန်းမြေဩ၊ သဘာဝမြေဩနှင့် Home Garden မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံတောင်သူများထံ ရွာဖျန်းမြေဩ၊ သဘာဝမြေဩနှင့် Home Garden မျိုးစေ့များ ပေးအပ်ကာ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အဆင်ပြေစေရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှု ရှိမှသာ ပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်းပြောကြားပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ချင်းပြည်နယ်အစိုးရ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ အလေးထား ဆောင်ရွက်ပေးမှု အခြေအနေကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက တက်ရောက်လာသည့် ဒေသခံတောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ခရိုင်(ပြန်/ဆက်)

မိုင်းပျဉ်းမြို့နယ်၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးပေး

မိုင်းပျဉ်း နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၅ ရက်က နောင်ခိုက်ကျေးရွာနှင့် ဝမ်ခုတ်+ဝမ်ကျန်းကျေးရွာတို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ထုတ်ချေးပေးရာတွင် နောင်ခိုက်ကျေးရွာနှင့် ဝမ်ခုတ်+ဝမ်ကျန်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ ရုံးဝန်ထမ်းအဖွဲ့နှင့် မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့တို့က ဦးဆောင်၍ နောင်ခိုက်နှင့် ဝမ်ခုတ်+ဝမ်ကျန်း ကျေးရွာများမှ အသင်းသား အသင်းသူများထံသို့ အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၄၇၄ သိန်းအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နန်းသန္တာဦး(ပြန်/ဆက်)



မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် နယ်မြေ (၈)နှင့် နယ်မြေ (၁၀) ရှိ နေအိမ်များ၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေမိုးအောင် ဦးဆောင်၍ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၆ ရက်တွင် တစ်အိမ်တက်ဆင်း ကွင်းဆင်းပြီး မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

ကလောမြို့၌ ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ကျင်းပ



ကလော နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ (၂၁)ကြိမ်မြောက် မြို့လုံးကျွတ် မဟာဘန်ဆောင်တိုင် ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက်က မောမြေဦးပန်းခြံအနီး မီးရှော့တိုင်ကွင်း၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းရင်းသား ရိုးရာအကအဖွဲ့များက ရိုးရာတေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ပြိုင်ပွဲဝင်မီးရှော့တိုင်အဖွဲ့များက စတင်ထွန်းညှိ ယှဉ်ပြိုင်ခဲ့ရာ ရပ်ကွက် (၃)ကိုယ်စားပြု ကောင်းကင်ကြယ်နှင့် ရွာသစ်လူငယ် မီးရှော့တိုင်၊ အင်းပြင်ကျေးရွာကိုယ်စားပြု အင်းပြင်လူငယ်မီးရှော့တိုင်နှင့် သီခေါင်ကျေးရွာကိုယ်စားပြု Archer(ဒို့လူငယ်) မီးရှော့တိုင်တို့ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

မိုးခေါင်ရေရှား
ရင်ဆိုင်ငြားက
ရေချိုစုဆောင်း
နောင်ရေးကောင်း၏

(၁၀၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဂုဏ်ပြုဆောင်းပါး

အမျိုးသားအောင်ပွဲနေ့သန္ဓေတည် တိုင်းပြည်သာယာဝပြောရေး နိုးကြားတက်ကြွလှုပ်ရှားချိန်တန်ပြီ

မောင်ငြိမ်းအေး

ဗြိတိသျှနယ်ချဲ့အစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် ၁၉၂၀ ပြည့်နှစ် ကောလိပ်ကျောင်းသားများသပိတ်မှ သန္ဓေတည်လာခဲ့သော အမျိုးသားလှုပ်ရှားမှု စိတ်ဓာတ်ခွန်အားများက မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက်သာမက နိုင်ငံတော်ကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဂုဏ်သိက္ခာဝင့်ထည်စွာ ခိုင်ခိုင်မာမာရပ်တည်နေထိုင်နိုင်ရေးတို့အတွက် အင်အားများပင်ဖြစ်သည်။

အမျိုးသားအောင်ပွဲနေ့မှ သန္ဓေတည်လာခဲ့သော အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံနှင့် လူမျိုးအတွက် အသက်တမျှ အရေးပါသည့် ကိုယ်ခံအားများဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်အားကောင်းမှ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သလို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားများနည်းလာပါက လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိပါးခံရနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။

၁၉၂၂ ခုနှစ်မှစတင်ခဲ့သည့် အမျိုးသားအောင်ပွဲသည် ယခုအခါ နှစ်ပေါင်း ၁၀၆ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ထိုစဉ်က နိုးကြားရှင်သန်ခဲ့သော အမျိုးသားစိတ်ဓာတ်သည် နယ်ချဲ့အစိုးရ၏ မတရားဖိနှိပ်မှုမှ လွတ်မြောက်ရန်ကြိုးပမ်းမှုတွင် ပြည်သူလူထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်လာစေသည့် အမျိုးသားရေးစိတ်ဓာတ်ဖြစ်သည်။

ယင်းအမျိုးသားရေးစိတ်ဓာတ်က မြန်မာနိုင်ငံ၏ အကျိုးစီးပွား၊ နိုင်ငံသားတိုင်း၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးအတွက် ဖြစ်သည်။ မျက်မှောက်ကာလတွင်လည်း ထိုသို့သော အမျိုးသားရေးစိတ်ဓာတ်များ အထူးလိုအပ်နေပါသည်။ မြန်မာနိုင်ငံ၌ မြန်မာလူမျိုးအချင်းချင်း မတူကွဲပြားမှုများအကြားတွင် စိတ်ဝမ်းကွဲပြားအောင် သွေးထိုးခံရမှုအမျိုးမျိုးကြောင့် စည်းလုံးညီညွတ်မှုအားနည်းနေသည်ကို သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် နယ်ချဲ့စနစ်၏ဆိုးမွေကြောင့် တိုင်းရင်းသားအချင်းချင်း သွေးကွဲခဲ့ကြသည်။ စိတ်ဝမ်းကွဲပြားမှုများနှင့်အတူ ပဋိပက္ခများ၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံအကျိုးစီးပွား

မျက်မှောက်ကာလတွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ၊ နိုင်ငံ၏ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အမျိုးသားရေးစိတ်ဓာတ်နှင့်ခံယူချက်များ နိုးကြားထက်သန်နေရန် လိုပါသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် တစ်မျိုးသားလုံး စွမ်းဆောင်ကြရန်လိုပါသည်။

အမျိုးသားရေးဟုဆိုရာတွင် ရှေးရိုးစွဲ အမျိုးသားရေးနှင့် အစွန်းရောက်အမျိုးသားရေးကို မဆိုလိုပါ။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘိုးဘွားနယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားရေးစိတ်ဓာတ်၊ မိမိနိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကြိုးပမ်းစွမ်းဆောင်ရမည့်စိတ်ဓာတ်ဖြစ်ပါသည်။ နိုင်ငံများက မိမိနိုင်ငံ၏ ကာကွယ်ရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမျိုးရေး၊ စီးပွားရေးတွင် လွှမ်းမိုးမခံရစေရေးနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် အမျိုးသားရေးကို အလေးထားလာကြသည်။

လက်ရှိကာလတွင် နိုင်ငံအတွင်း အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်စေရေးအတွက် အထူးလိုအပ်နေသည့် အရင်းခံအကြောင်းတရားများကို အလေးအနက် သုံးသပ်ကြည့်သင့်သည်။ မြန်မာနိုင်ငံသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းလျက်ရှိသည်။ ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းသည့်အခါ ပြည်သူလူထုတစ်ရပ်လုံးသည် ဒီမိုကရေစီ အနှစ်သာရများနှင့် ဒီမိုကရေစီယဉ်ကျေးမှုတို့ကို မဖြစ်မနေ ခံစားနိုင်ရန် လိုအပ်သည်။ ဒီမိုကရေစီယဉ်ကျေးမှုဆိုသည်မှာ လူတစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့အလိုက် ၏ လိုအင်ဆန္ဒများကို ပဋိပက္ခများ၊ အကြမ်းဖက်မှုများမှရှောင်ရှားပြီး ငြိမ်းချမ်းသည့်နည်းဖြင့် ဖော်ဆောင်ခြင်းဖြစ်သည်။ သို့သော် စိတ်ဝမ်းကွဲပြားမှု အကျိုးဆက်ဖြစ်သည့် မိမိနှင့်အသွင်မတူသည်နှင့် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို မျက်ကွယ်ပြုကာ အပြုသဘောမဆောင်မှုများ၊ ဆန့်ကျင်သဘောထားများ၊ လုပ်ရပ်များကို လုပ်ဆောင်လာကြသည်။

နိုင်ငံကိုကာကွယ်

တိုင်းပြည်သာယာဝပြောရေးသည် တစ်မျိုးသားလုံး၏ အမျိုးသားရေးလိုအပ်ချက်ဖြစ်သည်။ တိုင်းပြည်သာယာဝပြောစေရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးက အခြေခံကျသည့်အချက်ဖြစ်သည်။ ပြီးခဲ့သည့်ကာလက တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့တချို့အနေဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို ထောက်ပံ့အား၊ အကြမ်းဖက်လမ်းကြောင်းပေါ်ကို တင်ပေးခဲ့သည့်အပြင် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏လုပ်ရပ်များကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ကြီးစွာထိခိုက်ခဲ့ရသည်။

ယင်းမတိုင်မီကလည်း လက်နက်ကိုင် သောင်းကျန်းသူများသည် နယ်မြေဒေသအသီးသီးတွင် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် အပြစ်မဲ့တိုင်းရင်းသားပြည်သူများ ဆင်းရဲနွမ်းပါးရာကျရောက်ရသည်။ ယင်းကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က နိုင်ငံတော်၏ အကျိုးစီးပွားမထိခိုက်အောင် သက်စွန့်ကြိုးပမ်း ကာကွယ်ဆောင်ရွက်နေရသည်။

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးစွမ်းအားများ အားကောင်းရန်လိုသည်။ နိုင်ငံရေးအရအားကောင်းစေရေးအတွက် တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုကြသူများက စနစ်တကျမှန်ကန်စွာ ဦးဆောင်ပေးကြရသလို နိုင်ငံသားအားလုံးကလည်း မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရေး၊ မိမိနိုင်ငံအကျိုးအတွက် စည်းလုံးညီညွတ်စွာရှိရေးသည် အထူးလိုအပ်သည်။ နိုင်ငံကာကွယ်ရေးနှင့် စည်းလုံးညီညွတ်ရေးသည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ နိုင်ငံရေးအခြေအနေများအရ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် အထူးနှလုံးသွင်းပြီး ကျရာကဏ္ဍမှ ဆောင်ရွက်ကြရမည်ဖြစ်သည်။

အကျိုးစီးပွားကာကွယ်

မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။ အချို့ဒေသများတွင် ပြည်တွင်းပဋိပက္ခကို ဒေသ ယခင က နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးအောင် ဆောင်ရွက်ရာတွင် နိုင်ငံတိုးတက်ရေး၌ အဓိကကျသည့် စည်းလုံးညီညွတ်မှုပျက်ပြားစေရန်နှင့် စီးပွားရေးတွင် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်တွင်းတွင် ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံဖြစ်ပေါ်လာအောင်ဖန်တီးပြီး စီးပွားရေးထိခိုက်အောင်၊ လိုသလို ခြယ်လှယ်နိုင်အောင် ဖန်တီးခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဆိုပါအခြေအနေမျိုးဖြစ်ပေါ်လာခြင်းသည် မတော်တဆဖြစ်လာခြင်း မဟုတ်ပေ။ ရည်ရွယ်ချက်ရှိရှိ အချိန်ယူဖန်တီးခဲ့ခြင်းဖြစ်သည်။ မလိုလား၊ မဖြစ်သင့်သည့်ပဋိပက္ခများကြောင့် နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများဖြစ်ခဲ့ရသည်။ အပြစ်မဲ့ပြည်သူများ၊ ကလေးသူငယ်များနှင့် ရဟန်းသံဃာတော်များပါမကျန် ထိခိုက်သေဆုံးခဲ့ကြသည်။ တိုင်းပြည်အတွက် နစ်နာဆုံးရှုံးမှုကြီးဖြစ်ခဲ့သည်။ မိမိနိုင်ငံအပေါ် သစ္စာမဲ့၊ အသိဉာဏ်အားနည်းသည့် မိမိနိုင်ငံသားများက ပြည်တွင်းပြည်ပမှ မြွှောက်ပင့်ပံ့ပိုးမှုများဖြင့် ဖျက်ဆီးခဲ့ကြသည်။

ကြိုးပမ်းဆောင်ရွက်

မည်သို့ပင်ဖြစ်စေ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက မိမိနိုင်ငံ၏ အကျိုးစီးပွားအပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ပြီး ဦးစားပေးလုပ်ဆောင်နေကြသည်ကို သတိပြုမိရန်လိုမည်ဖြစ်သည်။ ယင်းသည် အမျိုးသား အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နေကြခြင်း ဖြစ်သည်။ နိုင်ငံအလိုက် အမျိုးသားရေးကို ရှေ့တန်း တင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသည့် ခေတ်မီနိုင်ငံတည်ဆောက်ရေး၊ နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များနှင့် ခေတ်မီနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ပညာရေးကိုအလေးထားဆောင်ရွက်ရေး၊ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးမှုနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပျိုးထောင်၍ နိုင်ငံအနာဂတ်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားရေး နိုးကြားထက်သန်စေရန် တပ်လှန့်နှိုးဆော်လိုက်သည့် အချက်တစ်ရပ်ကို ပြီးခဲ့သည့်ရက်ပိုင်းက ကြုံတွေ့ခဲ့ရသည်။ နိုင်ငံတကာတရားရုံး (International Court of Justice – ICJ) က The Gambia v. Myanmar အမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် အပြီးသတ်စီရင်ချက် ချမှတ်ခဲ့သည့်ကိစ္စဖြစ်သည်။ ၂၀၁၆– ၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ်မြောက်ပိုင်း ပဋိပက္ခများအတွင်း ၎င်းတို့အုပ်စုအပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် Genocide Convention အရ လိုက်နာရမည့်တာဝန်များကို ချိုးဖောက်ခဲ့ကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုအပြင် ကျူးလွန်သူများကို စုံစမ်းစစ်ဆေးအရေးယူရန်၊ ထပ်မံမဖြစ်ပွားစေရန် အာမခံချက်များပေးရန်၊ နေရပ်စွန့်ခွာခဲ့ရသူများ ဘေးကင်းလုံခြုံစွာ၊ မိမိဆန္ဒအလျောက်၊ ဂုဏ်သိက္ခာရှိစွာ ပြန်လည်နေထိုင်နိုင်ရေးဆောင်ရွက်ရန်နှင့် ထိခိုက်နစ်နာမှုများအတွက် ပြန်လည်ကုစားပေးရန် စသည်တို့ကို ဆုံးဖြတ်ခဲ့သည့်ကိစ္စဖြစ်သည်။

နိုင်ငံတော်အင်အား

အဆိုပါစီရင်ချက်သည် နိုင်ငံအတွက် အလွန်ကြီးမားသော ဥပဒေရေးရာ၊ သံတမန်ရေးရာနှင့် နိုင်ငံတကာဂုဏ်သိက္ခာဆိုင်ရာ အကျိုးဆက်များရှိလာစေမည့် သမိုင်းဝင်ကိစ္စရပ်တစ်ခုဖြစ်သည်။ ယင်းသည် အစိုးရတစ်ရပ်၊ အဖွဲ့အစည်းတစ်ခု၊ မျိုးဆက်တစ်ဆက်အတွက်သာ မတရားဆုံးဖြတ်ခံရခြင်းမျိုးမဟုတ်ဘဲ မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာနယ်နိမိတ်နှင့် မြန်မာ့အချုပ်အခြာအာဏာကို ထိပါးစေခံကားလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတည်ရှိနေသရွေ့ မျိုးဆက်အဆက်ဆက် အစဉ်ထိခိုက်ခံစားကြရမည့် မတရားသောဆုံးဖြတ်ချက်၊ စီရင်ချက်ဖြစ်သည်ကို အထူးသတိချပ်မိကြရန်လိုသည်။ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် ပြည်သူလူထု၏ ဂုဏ်သိက္ခာသည် ကင်းကွာ၍ မရကောင်းသောအရာဖြစ်သည်။ နိုင်ငံကိုထိခိုက်လျှင် ပြည်သူကိုလည်းထိခိုက်သည်။ ပြည်သူကိုထိခိုက်လျှင် နိုင်ငံကိုလည်း ထိခိုက်ပါသည်။ ထို့ကြောင့် ပြည်သူလူထု၏ မှန်ကန်သော အမျိုးသားရေးစိတ်ဓာတ်များကို စည်းလုံးညီညွတ်မှု အသိဉာဏ်ပညာ၊ တရားမျှတမှုနှင့် တာဝန်ယူမှုတို့ ပေါင်းစပ်ပါဝင်သော နိုင်ငံတော်အင်အားတစ်ရပ် ဖြစ်လာအောင် ကြိုးပမ်းကြရန်လိုသည်။

ယနေ့အချိန်ကာလတွင် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး ၁၉၂၀ ပြည့်နှစ် အမျိုးသားအောင်ပွဲနေ့တွင် သန္ဓေတည်ခဲ့သည့် တစ်တိုင်းပြည်လုံးပါဝင်လှုပ်ရှားခဲ့သော အမျိုးသားအောင်ပွဲစိတ်ဓာတ်များကဲ့သို့ မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်နိုးကြားလာအောင်၊ မြန်မာတို့၏နှလုံးသားတွင် ကိန်းဝပ်တည်ရှိပြီးဖြစ်သော အမျိုးသားရေးစိတ်ဓာတ်များ အသစ်တစ်ဖန် နိုးကြားတက်ကြွလာအောင် လှုပ်ရှားရမည့် အချိန် ကျရောက်နေသည်ကို ပြည်သူအားလုံးအား အသိပေးတိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်း နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်မည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကို (၂၇-၁၁-၂၀၂၆) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

အစိုးရနည်းပညာကောလိပ်များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်း နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်မည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ အစိုးရနည်းပညာကောလိပ်များသို့ ပထမနှစ်ဝင်ခွင့်ရသူများ စာရင်းကို ၂၇-၁၁-၂၀၂၆ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်မည်

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများ စာရင်းကို (၂၇-၁၁-၂၀၂၆) ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

အခြေခံပညာအလယ်တန်းဆင့်အတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ (တိုင်းဒေသကြီး / ပြည်နယ်အဆင့်)ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

အခြေခံပညာအလယ်တန်းဆင့် (Grade - 7, Grade - 8, Grade - 9) အတန်းများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (တိုင်းဒေသကြီး/ ပြည်နယ်အဆင့်)ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်၊ မန္တလေး၊ မွန်၊ ရှမ်း (တောင်)၊ နေပြည်တော်တို့တွင် ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများတွင် နည်းပြများအဖြစ် အခြေခံစိုက်ပျိုးရေးပညာအတွက်ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများကလည်း ကောင်း၊ အခြေခံမွေးမြူရေးပညာအတွက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဆရာ ဆရာမများကလည်းကောင်း၊ စက်မှုအတတ်ပညာအတွက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆရာ ဆရာမများကလည်းကောင်း ဆွေးနွေးပို့ချသွားမည်ဖြစ်ကာ အခြေခံပညာအထက်တန်းဆင့်နှင့် အလယ်တန်းဆင့်သင်ကျောင်းမှ Grade - 7၊ Grade - 8၊ Grade - 9 တို့တွင် သိပ္ပံဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်များကို သင်ကြားနေသည့် အလယ်တန်းပြဆရာ ဆရာမ ၁၂၀၆ ဦး တက်ရောက်ကြပြီး ကချင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ရှမ်း(အရှေ့)တို့မှ သင်တန်းသားများအနေဖြင့် Online စနစ် Zoom Application ဖြင့် တက်ရောက်သွားမည်ဖြစ်သည်။



အခြေခံပညာအလယ်တန်းဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားဆွေးနွေးပွဲများကိုလည်း ဒီဇင်ဘာ ၅ရက်မှ ၇ ရက်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ယခုသင်တန်းမှ သင်တန်းသား သင်တန်းသူများသည် မြို့နယ်အဆင့် (ဆင့်ပွား)သင်တန်းများတွင် နည်းပြအဖြစ် ပြန်လည်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်သည့် အခြေခံပညာအလယ်တန်းဆင့် စက်မှု၊စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်က ပညာရေးဝန်ကြီးဌာနသည် သင်ကြားသင်ယူမှုအခွင့်အလမ်းများ တိုးတက်ကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသည့် အသက်မွေးဝမ်းကျောင်း ပညာများနှင့် ချိတ်ဆက် ပေါင်းကူးနိုင်ရေး ရည်ရွယ်၍ အလယ်တန်းဆင့် Grade-9 ပြီးမြောက် အောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများအား Grade-10၊ Grade-11၊ Grade-12 အတန်းများတွင် စက်မှုအတတ်ပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် မွေးမြူရေးအတတ်ပညာများကို သင်ကြားနိုင်ရေး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်ခဲ့ရာ ကျောင်းပေါင်း ၉၂ ကျောင်းကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များကို အခြေခံပညာအလယ်တန်းဆင့်မှ စ၍ သင်ကြားပေးနိုင်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာရပ်များကို သိရှိနားလည်ပြီး လက်တွေ့ဘဝတွင် အသုံးချနိုင်စေရန် ရည်ရွယ်ပါကြောင်း၊ သင်တန်းတက်ရောက်လာကြသော ဆရာ ဆရာမများအနေဖြင့်လည်း သင်တန်းမှသင်ကြားပို့ချမှုများကို အထူးဂရုပြုသင်ယူ၍ သက်ဆိုင်ရာမြို့နယ်များတွင် ပြန်လည်ပို့ချရာ၌ အရည်အသွေးရှိရှိ သင်ကြားပို့ချပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် အဆင့်မြင့်ပညာကဏ္ဍသင်ကြား၊ သင်ယူမှုစနစ်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ(၂/၂၀၂၆) ဒုတိယနေ့သို့ တက်ရောက်ပြီး အလုပ်ရုံဆွေးနွေးပွဲရလဒ်များကို သုံးသပ်ရှင်းလင်းတင်ပြကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တောင်ကြီးမြို့၌ အခြေခံပညာအလယ်တန်းဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာ ပြည်နယ်အဆင့် ဆွေးနွေးပွဲ ကျင်းပ



တောင်ကြီး နိုဝင်ဘာ ၂၆

၂၀၂၆ ခုနှစ် အခြေခံပညာအလယ်တန်းဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာ ပြည်နယ်အဆင့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အခြေခံပညာ အလယ်တန်းပြဆရာ ဆရာမများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မြဝတီမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲကျင်းပ



မြဝတီ နိုဝင်ဘာ ၂၆

မြဝတီမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ကြီးကြပ်၍ မြို့နယ်ဦးစီးမှူးရုံးမှ လမင်းစိမ်ချက်ဖြင့် ဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဆက်လက်ပြီး မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ မရှိသေးသော အသက် (၁၀)နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၂၀ တို့အား လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ (ပြန်/ဆက်)

စတုတ္ထအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ စွမ်းအင်ဝန်ကြီးများ ညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၆

ရပ်ဝန်းနှင့်ပိုးလမ်းမ စွမ်းအင်ဝန်ကြီးများ အုပ်ချုပ်ရေးဘုတ်အဖွဲ့၏ ပထမအကြိမ် အစည်းအဝေးနှင့် စတုတ္ထအကြိမ် ရပ်ဝန်းနှင့်ပိုးလမ်းမ စွမ်းအင်ဝန်ကြီးများ ညီလာခံကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးကြသည်။



ညီလာခံတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်က ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် မိမိတို့၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို ဂရုပြုဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ယနေ့အစည်းအဝေး၏ ရည်ရွယ်ချက်နှင့်လည်း ထပ်တူကျပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သည့် ရေအား၊ နေရောင်ခြည်၊ လေစွမ်းအင်တို့ကို အဓိကအသုံးပြုသွားရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ ရုပ်ကြွင်းလောင်စာများ အသုံးပြုရာတွင်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် အချက်ကိုလည်း သတိပြုဆောင်ရွက်နေပါကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ၊ ကာဗွန်ထုတ်လုပ်မှု လျော့ချရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ယခုအစီအစဉ်ကို ဦးဆောင်ကျင်းပသည့် တရုတ်နိုင်ငံအမျိုးသား စွမ်းအင်အုပ်ချုပ်မှုအဖွဲ့၏ အကူအညီကို တိုးမြှင့်ရယူလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားစွမ်းအင်အုပ်ချုပ်မှုအဖွဲ့ (National Energy Administration–NEA) အကြီးအကဲနှင့် အဖွဲ့အား တွေ့ဆုံ၍ ရေအားလျှပ်စစ်စီမံကိန်းများ၊ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်းများ၊ ဆိုလာစွမ်းအင်အသုံးပြုမှုကိုမြှင့်တင်နိုင်ရေး စီမံကိန်းများ၊ ဘက်ထရီစွမ်းအင်သိုလှောင်မှုစီမံကိန်းများ၊ စုပ်တင်ရေအားလျှပ်စစ်စီမံကိန်းများ၊ လေအားလျှပ်စစ်စီမံကိန်းများ၊ ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ကွက်အသစ်များတွင် ရင်းနှီးမြှုပ်နှံရန်ကိစ္စရပ်များ၊ နည်းပညာ၊ ကျွမ်းကျင်မှုနှင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့် တရုတ်–မြန်မာ ပူးပေါင်းဆောင်ရွက်သည့် လျှပ်စစ်နှင့်စွမ်းအင်စီမံကိန်းများအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



အခွန်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

မြစ်ကြီးနား နိုဝင်ဘာ ၂၆

ကချင်ပြည်နယ်အတွင်း အခွန်အရပ်ရပ်လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေးအတွက် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးချုန်တန်ခင် ဦးဆောင်၍ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေးပွဲကို ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် ယနေ့နံနက် ၉ နာရီက ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

ထိုသို့ ညှိနှိုင်းဆွေးနွေးရာတွင် ကချင်ပြည်နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး ပြည်နယ်ဝန်ကြီးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးက အခွန်တိုးတက်ကောက်ခံရရှိရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်အခွန်ဦးစီးမှူးများနှင့် တာဝန်ရှိသူများက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် မြို့နယ်အလိုက် အခွန်အရပ်ရပ် ကောက်ခံရရှိမှုအခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဦးစီးမှူးက ဖြည့်စွက်သုံးသပ်ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ခရိုင်(ပြန်/ဆက်)

“ပဲခူးတိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူသည့်စနစ်” “Bago LSCS Application” အသုံးပြု၍ စာရင်းကောက်ယူမည်



ပဲခူး နိုဝင်ဘာ ၂၆

Bago LSCS Application အသုံးပြု၍ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူနိုင်ရေး ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် မွေးမြူထားကြသည့် တိရစ္ဆာန်အားလုံး၏ ကောင်ရေစာရင်းများကို “ပဲခူးတိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူသည့်စနစ်” “Bago LSCS Application” အသုံးပြု၍ စာရင်းကောက်ယူမည် ဖြစ်သည့်အတွက် စာရင်းကောက်များအရေးဖြင့် Application ကို စနစ်တကျကျွမ်းကျင်စွာ အသုံးပြုတတ်စေရန် သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ တိရစ္ဆာန်ကောင်ရေစာရင်းသည် တိုင်းပြည်၏ စားရေရိက္ခာဖူလုံရေးအတွက် အရေးကြီးသကဲ့သို့ အသားထုတ်လုပ်မှု၊ စားသုံးမှု၊ ဖူလုံမှုများကို ဒေသအလိုက် တွက်ချက်နိုင်သဖြင့် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာ ထည့်သွင်းကြရန် ဖြစ်ကြောင်းနှင့် စာရင်းကောက်များ အသုံးပြုနေသည့် Mobile Smart Phone များတွင် “Bago LSCS Application” ကို တစ်ပါတည်း ထည့်သွင်းပေးသွားမည်ဖြစ်ကာ စာရင်းကောက်များအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က လိုအပ်သည်များကို အနီးကပ် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တတိုင်းဒေသကြီးဦးစီးမှူးက “ပဲခူးတိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူသည့် စနစ်” “Bago LSCS Application” အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်လှစ်ပေးရခြင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းနည်းပြများနှင့် စာရင်းကောက်သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မုံရွာမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည် စည်းဝေး

မုံရွာ နိုဝင်ဘာ ၂၆



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သမဝါယမအသင်းစု ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်ပွဲကို နိုဝင်ဘာ ၂၆ ရက်က မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမမဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌက သမဝါယမအသင်း၌ပဒေသ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အသင်း၏ အမှုဆောင်အဖွဲ့အား တက်ရောက်လာသော အသင်းဝင် ကိုယ်စားလှယ်များ၏ အဆိုပြုထောက်ခံချက်များအတိုင်း ရွေးချယ်အတည်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

တောင်ငူမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုမှု ဆင့်ပွားသင်တန်းဖွင့်လှစ်

တောင်ငူ နိုဝင်ဘာ ၂၆



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမည့် Bago LSCS Application အသုံးပြုမှု ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက တောင်ငူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပို့ချခဲ့ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများက သင်တန်းသားများ၏ဖုန်းတွင် Bago LSCS App ထည့်သွင်းခြင်းနှင့် Bago LSCS App အသုံးပြုပုံကို လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အလုပ်သမားဆေးရုံကြီး(မန္တလေး)၌ လူနာပြသသည့်အကြိမ်ရေ ၁၃၃၉၈၁ ကြိမ်အတွက် ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့

မန္တလေး နိုဝင်ဘာ ၂၆

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အလုပ်သမားဆေးရုံကြီး(မန္တလေး)၌ လူနာပြသသည့်အကြိမ်ရေ ၁၃၃၉၈၁ ကြိမ်အတွက် ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးဖိုးတင်ပြတောင်းခံသည့် အကြိမ်ရေ ၃၈၃၄ ကြိမ်အတွက် ငွေကျပ် ၁၁၃၇၂ ဒသမ ၀၈၃ သန်း နှင့် ၂၀၂၆ ခုနှစ် ဧပြီလမှ အောက်တိုဘာလ အထိ လူနာပြသသည့် အကြိမ်ရေ ၉၉၃၀၁ ကြိမ်နှင့် ဆေးဖိုးတင်ပြတောင်းခံသည့် အကြိမ်ရေ ၁၁၈၀ အတွက် ငွေကျပ် ၃၇၇ ဒသမ ၉၉၂ သန်း ပေးအပ်ခဲ့ပြီး ဖြစ်သည်။



အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် အောင်မြေသာစံမြို့နယ် အလုပ်သမားဆေးရုံကြီး (မန္တလေး)သို့ သွားရောက်၍ အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး ဦးစီးဌာန အဖွဲ့ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့်အဖွဲ့အစည်းတစ်ခုဖြစ်စေရေး အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှု ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် လိုအပ်သည့် ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး၊ ဆေးဝါးများ အလေအလွင့်မရှိစေရေး အစဉ်တစိုက် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဆေးရုံကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ဆေးပါးသိုလှောင်ရုံနှင့် ဆေးပစ္စည်းကိရိယာများ ထိန်းသိမ်းထားရှိမှုအခြေအနေကို လုပ်ငန်းလည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် အာမခံအလုပ်သမားလူနာများနှင့် ကျောက်ကပ်သွေးသန့်စင်ဌာနတွင် ကျောက်ကပ်သွေးသန့်စင်နေသည့် လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး၍ အလှူငွေများ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ထို့ပြင်မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပန်ဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်)သို့ သွားရောက်၍ စက်ရုံ၏ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များ၊ အလုပ်သမားများနှင့်တွေ့ဆုံကာ လူမှုဖူလုံရေးစနစ် အကျိုးဝင်အာမခံ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့မှ တိုးမြှင့်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ၊ အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေး၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကုန်ကြမ်း(ဝါဂွမ်း)များကို ဝါဖန်ခြင်း၊ ဖိုင်းတောင့်ပြုလုပ်ခြင်း၊ ချည်ငင်ပြုလုပ်ခြင်း၊ ချားဆွဲခြင်း၊ ဘောထုပ်(ကြီး/သေး) ထုတ်လုပ်ခြင်း ပြုလုပ်မှုလုပ်ငန်းစဉ်အဆင့်များဖြင့် ချည်မျှင်အထည်နှင့် ပန်းရိုက်ပိတ်များထုတ်လုပ်သည့် စက်ရုံလုပ်ငန်းခွင်အတွင်း အလုပ်သမားများ အေးချမ်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့ပြင် အဆိုပါစက်ရုံရှိ အာမခံအလုပ်သမားများ လုပ်ငန်းခွင်မပျက် စွမ်းအားပြည့် ဆောင်ရွက်နိုင်စေရန် လူမှုဖူလုံရေးအဖွဲ့ပိုင် ရွှေလျားဆေးကုသယာဉ်ဖြင့် စက်ရုံအရောက် ကွင်းဆင်းဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် ရုံးဝင်းအတွင်း၌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာနှင့် ချမ်းမြသာစည်မြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (တိုင်းဒေသကြီး)ရုံး ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အအုံအား အရည်အသွေးပြည့်မီစွာဖြင့် တည်ဆောက်နိုင်ရေးနှင့် အချိန်မီပြီးစီးဆောင်ရွက်နိုင်ရေး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၂၆) ပဉ္စမနေ့ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၂၆)ပဉ္စမနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အင်းစိန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးသူရိန်လင်း၏ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice-ICJ) က ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ချမှတ်ခဲ့သည့် စီရင်ချက်အပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်သဘောထားနှင့် အညီ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က ထပ်တူရပ်တည်ကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲ ဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးဌေးအောင်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားခြင်းတို့ ဆောင်ရွက်သည်။



ယင်းနောက် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၂၆) ပဉ္စမနေ့ကို ရပ်နားခဲ့ပြီး တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၂၆)ပြီးမြောက်ကြောင်း ကြေညာသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မော်လိုက်မြို့၌ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေးဟောပြော

မော်လိုက် နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ၂၀၂၆ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအတွက် အမျိုးသမီးအခွင့်အရေးဆိုင်ရာ နှင့် အမျိုးသမီးရေးရာဝန်ကြီးဌာန ဝန်ဆောင်မှုများ၊ ခရိုင်ဥပဒေအရာရှိက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မများနှင့် ယာယီရဲမှူးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

ကိုထက်(ပြန်/ဆက်)



မြိတ်မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

မြိတ် နိုဝင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက အထက(သမုတ်)တွင် ကျင်းပသည်။



အသိပညာပေးဟောပြောရာတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက သစ်တောထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြောကြားပြီး တောအုပ်ကြီး ဦးကျော်မြင့်ထွန်းက တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးပြောကြားသည်။

ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၂ ဦးတက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများအား သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးပြီး စာရေးကိရိယာများကို ဆရာ ဆရာမများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင် ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၅ ရက်တွင် အမှတ်(၅) သင်္ကြားစက်ရုံ မြို့လှ၌ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



မဟာမဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအလားအလာများ

ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ နိုင်ငံများအကြား ယဉ်ကျေးမှုဖလှယ်ရေး၊ လူမှုဆက်ဆံရေးနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးနိုင်သည့် အရေးပါသောလုပ်ငန်းကဏ္ဍတစ်ခုလည်း ဖြစ်ပါသည်။

စည်သူကျော်

ယနေ့ ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ပြောင်းလဲလာသည့်အခြေအနေတစ်ရပ်ကို လေ့လာကြည့်ပါက နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေရန် ကြိုးပမ်းခြင်းထက် နိုင်ငံများအကြား ခရီးသွားလာရေးဆိုင်ရာ အတားအဆီးများကိုလျှော့ချပြီး ဒေသတစ်ခုလုံးကို ခရီးသွားစျေးကွက်တစ်ခုအဖြစ် ပူးပေါင်းဖော်ဆောင်လာကြသည်ကို တွေ့ရှိရပါသည်။ ယင်းအနေအထားကို အာဆီယံကို တစ်ခုတည်းသောခရီးစဉ်ဒေသ (Single Destination) အဖြစ်လည်းကောင်း၊ မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံကို ခရီးစဉ်ဒေသတစ်ခုအဖြစ်လည်းကောင်း (six countries, one destination) ဖော်ညွှန်းခဲ့ကြသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများအနက် အရှေ့တောင်အာရှဒေသရှိ မဲခေါင်ဒေသ ခရီးသွားလုပ်ငန်း၏ ကြိုးပမ်းဆောင်ရွက်မှုများသည် လေ့လာစရာကောင်းသည့် ဥပမာတစ်ခုဖြစ်လာသည်။ မဲခေါင်ဒေသ (Greater Mekong Subregion–GMS) တွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံ၏ ယူနန်နှင့် ကွမ်မိုးဒေသများ ပါဝင်သည်။

အဆိုပါဒေသများသည် သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာဓလေ့ထုံးစံများနှင့် လူမျိုးစုအလိုက် ထူးခြားသော အတွေ့အကြုံများကို ပိုင်ဆိုင်ထားကြသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ခရီးသွားဆွဲဆောင်မှုများကို သီးခြားမြှင့်တင်ခြင်းထက် ဒေသတစ်ခုလုံး၏ အားသာချက်များကို ပေါင်းစပ်ဖော်ထုတ်နိုင်ပါက နိုင်ငံတကာ ခရီးသွားစျေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်မည့် အလားအလာများရှိသည်ဟုရှုမြင်လာခဲ့ကြသည်။

နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း၏ အရေးပါလာမှု

၂၀၂၆ ခုနှစ် နိုဝင်ဘာလအတွင်း Travel Daily News Asia–Pacific တွင် ဖော်ပြခဲ့သည့် Mekong Tourism Coordinating Office (MTCO) ၏ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံမေးမြန်းချက်တွင် မဟာမဲခေါင်ဒေသခွဲ အနာဂတ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဖြတ်ကျော်ခရီးသွားလာရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဆွေးနွေးထားသည်။

ၿငိ၏ဆွေးနွေးချက်များအရ **ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးတွင် အဓိကစိန်ခေါ်မှုတစ်ခုမှာ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဗီဇာစည်းမျဉ်းများ၊ လူဝင်မှုကြီးကြပ်ရေး လုပ်ထုံးလုပ်နည်းများနှင့် နယ်စပ်ဖြတ်သန်းခွင့်ဆိုင်ရာ သတ်မှတ်ချက်များကွဲပြားနေခြင်းဖြစ်သည်။ ခရီးသွားတစ်ဦးသည် ခရီးစဉ်တစ်ခုတည်းဖြင့် နိုင်ငံအများအပြားကို လည်ပတ်လိုသည့်အခါ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဝင်ထွက်ခွင့်ဆိုင်ရာလုပ်ငန်းစဉ်များကို သီးခြားဆောင်ရွက်ရခြင်းက အချိန်ကုန်ခြင်းနှင့် ကုန်ကျစရိတ်မြင့်မားခြင်းတို့ကို ဖြစ်ပေါ်စေသည်။**

ထို့ကြောင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဗီဇာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော်လုပ်ငန်းစဉ်များ ရိုးရှင်းလွယ်ကူမှုနှင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာစေရေးတို့သည် အရေးပါသော အခြေခံလိုအပ်ချက်များဖြစ်လာသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကို ချိတ်ဆက်ထားသည့် ခရီးစဉ်တစ်ခုတွင် ခရီးသွားတစ်ဦးသည် နိုင်ငံတစ်နိုင်ငံ၏ သဘာဝအလှအပ၊ အခြားနိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် နောက်ထပ်နိုင်ငံတစ်နိုင်ငံ၏ အစားအစာနှင့် လူမှုစီးပွားဘဝအတွေ့အကြုံများကို တစ်ကြိမ်တည်း ခံစားနိုင်မည်ဖြစ်သည်။ ယင်းသည် ခရီးသွားဧည့်သည်များ၏ ဒေသတွင်းနေထိုင်မှုကာလနှင့် အသုံးစရိတ်ကို တိုးမြှင့်ပေးနိုင်သကဲ့သို့ နိုင်ငံအများအပြား၏ စီးပွားရေးလုပ်ငန်းများ အတွက်လည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

> **“ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် အဓိကစိန်ခေါ်မှုတစ်ခုမှာ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဗီဇာစည်းမျဉ်းများ၊ လူဝင်မှုကြီးကြပ်ရေး လုပ်ထုံးလုပ်နည်းများနှင့် နယ်စပ်ဖြတ်သန်းခွင့်ဆိုင်ရာ သတ်မှတ်ချက်များကွဲပြားနေခြင်းဖြစ်သည်။ ခရီးသွားတစ်ဦးသည် ခရီးစဉ်တစ်ခုတည်းဖြင့် နိုင်ငံအများအပြားကို လည်ပတ်လိုသည့်အခါ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဝင်ထွက်ခွင့်ဆိုင်ရာလုပ်ငန်းစဉ်များကို သီးခြားဆောင်ရွက်ရခြင်းက အချိန်ကုန်ခြင်းနှင့် ကုန်ကျစရိတ်မြင့်မားခြင်းတို့ကို ဖြစ်ပေါ်စေသည်။”**

GMS Tourism Strategy 2030 နှင့် ဒေသတွင်းခရီးစဉ်ဒေသများဖွံ့ဖြိုးရေး

မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း၏ ရေရှည်ဖွံ့ဖြိုးရေးအတွက် GMS Tourism Strategy 2030 ကို အဓိကမူဘောင်တစ်ခုအဖြစ် ချမှတ်ထားသည်။ အဆိုပါမဟာဗျူဟာတွင် ရေရှည်တည်တံ့သော ခရီးစဉ်ဒေသများဖော်ဆောင်ရေး၊ လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းရေးနှင့် ခရီးစဉ်ဒေသဈေးကွက်မြှင့်တင်ရေးဟူသည့် ဦးတည်ချက်လေးရပ်ကို အလေးထားဖော်ပြသည်။

ထို့အပြင် ၂၀၂၆–၂၀၃၀ ကာလအတွက် GMS Tourism Marketing Action Plan ကို ရေးဆွဲထားပြီး ဒေသတွင်းဦးစားပေးခရီးစဉ်ဒေသ ၂၄ ခုကို ရွေးချယ်ကာ ပူးပေါင်းဈေးကွက်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ထားသည်။ ဤနေရာတွင်စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်တစ်ခုမှာ ခရီးသွားဆွဲဆောင်မှုရှိခြင်းတစ်ခုတည်းကိုအခြေခံ၍ ဦးစားပေးခရီးစဉ်ဒေသအဖြစ် ရွေးချယ်ခြင်းမဟုတ်ဘဲ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ၊ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်နိုင်မှုနှင့်ဒေသခံလူထု၏ ဧည့်သည်လက်ခံနိုင်စွမ်းတို့ကိုပါ ထည့်သွင်းစဉ်းစားထားခြင်းဖြစ်သည်။

ယင်းအချက်သည် ခရီးသွားလုပ်ငန်းစီမံကိန်းများရေးဆွဲရာတွင် အရေးကြီးသော သင်ခန်းစာတစ်ခုဖြစ်သည်။ ခရီးစဉ်ဒေသတစ်ခုတွင် သဘာဝအလှအပနှင့် ယဉ်ကျေးမှုအရင်းအမြစ်များ ပေါကြွယ်ဝနေသော်လည်း လက်တွေ့ဧည့်သည် လက်ခံနိုင်မည့် အခြေအနေမရှိပါက ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို အပြည့်အဝ ရရှိနိုင်မည်မဟုတ်ပေ။

ပုဂ္ဂလိကကဏ္ဍနှင့် ဒေသခံလူထု၏ အခန်းကဏ္ဍ

ဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးတွင် အစိုးရအဖွဲ့အစည်းများ၏ မူဝါဒနှင့် စီမံကိန်းများသည် အရေးပါသကဲ့သို့ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်မှုသည်လည်း မရှိမဖြစ် လိုအပ်ပါသည်။ အထူးသဖြင့် Destination Management Companies (DMCs) များသည် ဒေသတစ်ခုအတွင်းရှိသယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး၊ ဒေသခံအတွေ့အကြုံနှင့် ခရီးသွားဝန်ဆောင်မှုများကိုပေါင်းစပ်ကာ ခရီးသွားများအမှန်တကယ်ဝယ်ယူနိုင်သည့် ခရီးစဉ်များအဖြစ် ဖန်တီးပေးကြသည်။

အစိုးရအဖွဲ့အစည်းများက ဒေသတွင်းခရီးသွားလုပ်ငန်းမူဝါဒ၊ ခရီးစဉ်ဒေသမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်များကို ဖော်ဆောင်ပေးပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များက ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော ခရီးစဉ်များကို ဖန်တီးရောင်းချခြင်းဖြင့် အပြန်အလှန်ဖြည့်ဆည်းပေးနိုင်သည်။ ထို့အပြင် ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို ဒေသခံလူထုထံသို့ ပိုမိုရောက်ရှိစေရန်လည်း လိုအပ်သည်။ ဒေသခံအမျိုးသမီးများ၊ လူငယ်များနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များကို ဒီဂျစ်တယ်နည်းပညာ အသုံးပြုမှု၊ Social Media Marketing ၊ Online Business Development နှင့် Homestay Management ဆိုင်ရာ သင်တန်းများ ပေးအပ်ခြင်းသည် ယင်းရည်ရွယ်ချက်ကို အထောက်အကူပြုနိုင်သည်။

အမှန်တကယ်အားဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရန်သာမက ဒေသခံများအနေဖြင့်လည်း ခရီးသွားလုပ်ငန်း၏ တန်ဖိုးကွင်းဆက်အတွင်းပါဝင်နိုင်ပြီး ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာစေရန် ဖြစ်သင့်ပါသည်။

မြန်မာနိုင်ငံအတွက် အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ

မဟာမဲခေါင်ဒေသခွဲနိုင်ငံများတွင် ပါဝင်နေသည့် မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့အကြား ဆက်သွယ်ပေးနိုင်သည့် အရေးပါသောနေရာတစ်ခုတွင် တည်ရှိသည်။ ထို့အပြင် သဘာဝအလှအပ၊ ယဉ်ကျေးမှုအမွေအနှစ်၊ လူမျိုးစုဓလေ့ထုံးစံနှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းများစွာ ပိုင်ဆိုင်ထားသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံများနှင့်လည်း နယ်နိမိတ်ချင်းထိစပ်နေပြီး လွယ်လင့်တကူဆက်သွယ်သွားလာနိုင်သည့် အခြေအနေကောင်းများ ရှိနေပါသည်။ သို့သော် အလားအလာရှိခြင်းနှင့် လက်တွေ့ဖွံ့ဖြိုးတိုးတက်နိုင်ခြင်းတို့သည် မတူညီပေ။ ခရီးစဉ်ဒေသများ၏ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လေကြောင်းဝန်ဆောင်မှု၊ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုများ၏ အရည်အသွေး၊ ဒေသခံလူထု၏ပါဝင်နိုင်မှုတို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းဖော်ဆောင်ရန် အလားအလာရှိသော ဒေသအားလုံးကို တစ်ပြိုင်နက်တည်း မြှင့်တင်ရန်ကြိုးပမ်းခြင်းထက် လက်တွေ့အကောင်အထည်ဖော်နိုင်သည့် ခရီးစဉ်ဒေသများကို ဦးစားပေးရွေးချယ်၍ Pilot Destination အဖြစ် စတင်ဖော်ဆောင်သင့်သည်။ အလားတူ ဒေသတွင်းခရီးသွားလုပ်ငန်းနှင့် ယှဉ်ပြိုင်နိုင်ရန် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ မှဝန်ထမ်းများ၏ကျွမ်းကျင်မှု၊ ဝန်ဆောင်မှုအရည်အသွေးနှင့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုတို့ကိုလည်း မြှင့်တင်ရန်လိုအပ်သည်။

ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ

မဲခေါင်ဒေသခရီးသွားလုပ်ငန်း၏ အတွေ့အကြုံများကိုလေ့လာ၍ မြန်မာနိုင်ငံအတွက် လက်တွေ့ကျသော လုပ်ငန်းဦးစားပေးများကို သတ်မှတ်မည်ဆိုပါက အောက်ပါအချက်များကို အလေးထားဆောင်ရွက်သင့်သည် –

ပထမအနေဖြင့် မဲခေါင်ဒေသအဖွဲ့ဝင်နိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရန် လိုအပ်သည်။ ဒုတိယအနေဖြင့် လက်တွေ့အဆင်ပြေသော နယ်စပ်ဖြတ်ကျော်ခရီးစဉ်များကို သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဖော်ဆောင်သင့်သည်။ တတိယအနေဖြင့် ခရီးစဉ်ဒေသများ၏ အဆင်သင့်ဖြစ်မှုကိုအခြေခံ၍ ဦးစားပေးဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်သင့်သည်။

စတုတ္ထအနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်သည်။ ပဉ္စမအနေဖြင့် ဒေသခံလူထု၊ MSMEs ၊ အမျိုးသမီးများနှင့် လူငယ်များကို ခရီးသွားလုပ်ငန်း၏ တန်ဖိုးကွင်းဆက်အတွင်း ပိုမိုပါဝင်လာစေရန် ပံ့ပိုးပေးသင့်သည်။ နောက်ဆုံးအနေဖြင့် ဒီဂျစ်တယ်နည်းပညာကိုအသုံးချ၍ ဒေသတွင်းခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်သင့်သည်။ ဤလုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် အစိုးရဌာနများ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များ၊ ဒေသခံ လူထုနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများအကြား တာဝန်ခွဲဝေမှုရှင်းလင်းပြီး အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုရှိရန်လည်း လိုအပ်ပါသည်။

မဲခေါင်ဒေသခရီးသွားလုပ်ငန်း၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်ပါက ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ နယ်နိမိတ်အတွင်း၌သာ ကန့်သတ်စဉ်းစား၍မရတော့ဘဲ ဒေသတွင်းနိုင်ငံများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုအပေါ် ပိုမိုမှတည်လာသည်ကို တွေ့ရှိရသည်။ ခရီးသွားဧည့်သည်များအတွက် ခရီးစဉ်တစ်ခုတည်းဖြင့် နိုင်ငံအများအပြား၏ အတွေ့အကြုံများကို ခံစားနိုင်စေရန် ဖန်တီးပေးခြင်း၊ ဒေသခံလူထု၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်စေခြင်း၊ သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်ထိန်းသိမ်းခြင်းတို့သည် ဒေသတွင်းခရီးသွားလုပ်ငန်း၏ အဓိကဦးတည်ချက်များ ဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း မဲခေါင်ဒေသ၏ အရေးပါသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် မိမိ၏ သဘာဝနှင့်ယဉ်ကျေးမှုဆိုင်ရာ အားသာချက်များကို ဖော်ထုတ်ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများကို ဆုပ်ကိုင်ရယူသင့်သည်။

နိဂုံးချုပ်အနေဖြင့် ခရီးသွားလုပ်ငန်း၏ အောင်မြင်မှုသည် မိမိနိုင်ငံအတွင်းသို့ ခရီးသွားဧည့်သည်မည်မျှဝင်ရောက်လာသည်ဆိုသည့် အရေအတွက်တစ်ခုတည်းဖြင့် တိုင်းတာ၍မရတော့ပေ။ မိမိနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား မည်မျှကောင်းမွန်စွာ ချိတ်ဆက်ပေးနိုင်သည်၊ ဒေသခံလူထုအတွက် မည်မျှအကျိုးဖြစ်ထွန်းစေသည်နှင့် သဘာဝယဉ်ကျေးမှုအမွေအနှစ်များကို မည်မျှရေရှည်တည်တံ့စွာ ထိန်းသိမ်းနိုင်သည်ဆိုသည့်အချက်များကလည်း အနာဂတ်ခရီးသွားလုပ်ငန်း၏ အောင်မြင်မှုကို ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အာဆီယံ-တရုတ် ရက်သတ္တပတ် (၂၀၂၆) ပါဝင်တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၆

အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် နှစ်စဉ် သီးသန့် ရည်ရွယ်ကျင်းပသည့် အာဆီယံ-တရုတ် ရက်သတ္တပတ် (၂၀၂၆) အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင် တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်နှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ် ဝန်ချုပ်ရုံးဝန်ထမ်းများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး မြန်မာကောင်စစ်ဝန်ချုပ် ရုံး ရုံးအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို ကြည့်ရှုသည်။

နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ချုံချင့်မြို့ရှိ တရုတ်တိုင်းရင်း ဆေးရုံသို့ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ သွားရောက်ပြီး တရုတ် ရိုးရာတိုင်းရင်းဆေးပညာရပ်ဖြင့် လူနာများအား ပြုစုကုသ၊ ကျန်းမာရေးဝန်ဆောင်မှု ပေးလျက်ရှိသည့် အခြေအနေကို ကြည့်ရှုလေ့လာခဲ့ကြသည်။



မွန်းလွဲပိုင်းတွင် ချုံချင့်မြို့ မြန်မာကောင်စစ် ဝန်ချုပ်ရုံး ရုံးဝန်ထမ်းများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် အာဆီယံ-တရုတ်စင်တာ အတွင်းရေးမှူးချုပ် Mr. Zhang Lizhong နှင့် တွေ့ဆုံ ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယဉ်ကျေးမှုဖလှယ်ရေးသည် မြန်မာနှင့်တရုတ်နိုင်ငံ ပြည်သူများအကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သောဆက်ဆံရေးကို မြှင့်တင်ပေးနိုင်သည့် ထိရောက်သောနည်းလမ်း တစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံသည် တရုတ် နိုင်ငံနှင့် ယဉ်ကျေးမှုဖလှယ်ရေးကို အလေးထား ဆောင်ရွက်လိုကြောင်း၊ နှစ်စဉ် တရုတ်ခရီးသွား ဧည့်သည်များ မြန်မာနိုင်ငံသို့ တိုးတက်ဝင်ရောက်လာ သည့်အတွက် နှစ်နိုင်ငံခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက် ရေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွား လိုကြောင်း ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချုံချင့်မြို့ မြူနီစီပယ်ပြည်သူ့အစိုးရ တာဝန် ရှိသူများက တည်ဆဲနည်းဥသည့် ကြိုဆိုဧည့်ခံပွဲနှင့် အာဆီယံ-တရုတ် ရက်သတ္တပတ် "Dynamic Chongqing" အထူးဒရုန်းပြပွဲတို့ကို တက်ရောက် လေ့လာကြည့်ရှုကြသည်။

နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ယွီကျိုး ဟိုတယ်၌ ချုံချင့်မြူနီစီပယ်ပြည်သူ့အစိုးရ တာဝန်ရှိ သူများ၊ အာဆီယံကိုယ်စားလှယ်အဖွဲ့များနှင့် စုပေါင်း တွေ့ဆုံဆွေးနွေးပြီး အာဆီယံ-တရုတ်စင်တာ (၁၅) နှစ်ပြည့် အထိမ်းအမှတ်ပြခန်းကို လေ့လာကြည့်ရှုကာ အာဆီယံ-တရုတ် ရက်သတ္တပတ် (၂၀၂၆) ဖွင့်ပွဲအခမ်း အနားသို့ ပါဝင်တက်ရောက်သည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးသည် ချုံချင့် မြူနီစီပယ် ပြည်သူ့အစိုးရရုပ်မြင်သံကြားဌာန၏ ခရီးသွားလုပ်ငန်းဆိုင်ရာ မေးမြန်းမှုကို ဖြေကြား သည်။

ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်သည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် စီးပွားရေးပူးပေါင်းဆောင်ရွက် မှုအတွက် အခွင့်အလမ်းသစ်များ ရှာဖွေဖော်ထုတ် ခြင်း - "AI (အေအိုင်) အခြေပြုဒီဂျစ်တယ်နှင့် အစိမ်းရောင်ကူးပြောင်းမှု" အဆင့်မြင့် အထူးဆွေးနွေး ပွဲသို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ၂၀၂၆ ခုနှစ် ချုံချင့် နိုင်ငံတကာခရီးသွား အေဂျင်စီများညီလာခံ၏ အာဆီယံအစီအစဉ်သို့ ပါဝင်တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အလားတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ သည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အာဆီယံ-တရုတ် (ချုံချင့်) ကွန်ဖရင့် (၂၀၂၆) သို့လည်းကောင်း၊ လန်ချန်း-မဲခေါင် ခရီးသွားမြို့တော်များ စကားဝိုင်း ဆွေးနွေးပွဲသို့လည်းကောင်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချုံချင့်မြို့ရှိ ချုံချင့်မြို့ပြမိမံကိန်းပြခန်း အဆောက် အအုံ၊ ချုန်အန်း မော်တော်ကားကမ္ဘာလုံးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာများကို သွားရောက် လေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

လားရှိုးမြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း သုံးမျိုး ဆင်းပွဲကျင်းပ

လားရှိုး နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဟိုတယ်၊ ခရီးသွား ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီး ဌာနနှင့် မြန်မာနိုင်ငံဟိုတယ် ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရှမ်းမြောက်ဇုန်) တို့ ပူးပေါင်း၍ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု သင်တန်းသုံးမျိုး ဆင်းပွဲကို ယနေ့တွင် Golden Hill Hotel ၌ ကျင်းပသည်။



ပေးအပ်ချီးမြှင့်

ဦးစွာ ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများက သင်တန်းအမျိုးအစား အလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ထူးချွန်ဂုဏ်ပြု ဆုများကို လည်းကောင်း၊ သင်တန်းသား သင်တန်းသူအားလုံး အတွက် သင်တန်းဆင်းလက်မှတ် များကိုလည်းကောင်း၊ သင်တန်း နည်းပြများအတွက် ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ဧည့်ကြိုဝန်ဆောင်မှု သင်တန်း (FO) ကို သင်တန်းသား သင်တန်းသူ ၂၂ ဦးဖြင့် Two Elephants Hotel တွင်လည်းကောင်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေး သင်တန်း (HK) ကို သင်တန်းသား သင်တန်းသူ ၂၂ ဦးဖြင့် Golden Hill Hotel တွင်လည်းကောင်း၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်း (F&B Service) သင်တန်းကို သင်တန်းသား သင်တန်းသူ ၂၇ ဦးဖြင့် Asia Hotel တွင်လည်းကောင်း စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၁ ဦးဖြင့် သက်ဆိုင်ရာ ဟိုတယ်များတွင် စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချသင်ကြား ပေးခဲ့ကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)

■



မွန်ပြည်နယ် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၆

မွန်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၏ လုပ်ငန်း စွမ်းဆောင်ရည်များ ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၆/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ စိုက်ပျိုးရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် မွန်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးက စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင် ရေး မွမ်းမံသင်တန်းများကို ခြောက်ကြိမ်၊ သီးနှံစိုက်စွမ်းအားနှင့် သီးနှံ အထွက်နှုန်း တိုးတက်မြင့်မားစေရေးအတွက် နွေစပါးအပါအဝင် ဒုတိယသီးနှံများ စိုက်ပျိုးရာသီတွင် ၁၀ ကြိမ် စုစုပေါင်း ၁၆ ကြိမ် ဖွင့်လှစ်ပို့ချသွားရန် စီစဉ်ထားရှိကြောင်း၊ သင်တန်းသား သင်တန်း သူများအနေဖြင့် သင်တန်းမှရရှိလာသည့် ပညာရပ်များကို မွန်ပြည်နယ် ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးတို့ အတွက် အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ကြပါစေကြောင်း တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးက သင်တန်းအတွက်လိုအပ်သော သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ပေါင်းတည်မြို့နယ်ရှိ စားအုန်းဆီလက်လီ အရောင်းဆိုင်များအား ကြည့်ရှုစစ်ဆေး

ပေါင်းတည် နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် စားအုန်းဆီတင်သွင်း ဖြန့်ဖြူးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့က နိုဝင်ဘာ ၂၅ရက်တွင် စားအုန်းဆီ လက်လီအရောင်းဆိုင်များအား ကြည့်ရှုစစ်ဆေးခဲ့ သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ဆိုက်နှစ်သည်အသင်း ဥက္ကဋ္ဌနှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မီးသတ်ဦးစီးမှူး၊ မြို့နယ် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် စားအုန်းဆီကိုယ်စားလှယ်အရောင်း ဆိုင်များမှ စားအုန်းဆီထုတ်ယူမှု၊ ရပ်ကွက်/ကျေးရွာအုပ်စုများသို့



လက်လီရောင်းချနေမှု၊ ဌာနမှ ထုတ်ပြန်ထားသည့် သတ်မှတ်ဈေးနှုန်းနှင့် အလေးချိန်မှန်ကန်စွာရောင်းချပေးမှု၊ မှန် ၆ မှန်ဖြင့် ပြန်လည်ရောင်းချ ပေးနေမှု၊ သတ်မှတ်ဈေးနှုန်းဗိုရိုင်းများ ချိတ်ဆွဲရောင်းချနေမှုများရှိ မရှိကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ရွှေသား(IPRD)

ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း



“ဟင်းသီးဟင်းရွက်များတွင် မြေဆော်ရောဂါများ ကာကွယ်ရန်နှင့် ပြင်းထန်သောရာသီဥတုဒဏ်များအပေါ် ခံနိုင်ရည်ရှိမှုမြှင့်တင်ရန် ကိုင်းဆက်နည်းပညာ အသုံးပြုခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတွင် အပတ်စဉ် ကျင်းပမြဲဖြစ်သော တောင်သူ နည်းပညာဆွေးနွေးပွဲကို (၁၃၃)ကြိမ်မြောက်အဖြစ် ယနေ့နံနက် ၉နာရီက စိုက်ပျိုးရေးသုတေသန ဦးစီးဌာနရှိ Auditorium ခန်းမတွင် “ဟင်းသီးဟင်းရွက်များတွင် မြေဆော်ရောဂါများ ကာကွယ်ရန်နှင့် ပြင်းထန်သောရာသီဥတုဒဏ်များအပေါ် ခံနိုင်ရည်ရှိမှုမြှင့်တင်ရန် ကိုင်းဆက်နည်းပညာအသုံးပြုခြင်း” ခေါင်းစဉ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ဒုတိယဦးစီးမှူး (သုတေသန) ဒေါ်ထက်နန္ဒာအောင်က “ဟင်းသီးဟင်းရွက်များတွင် မြေဆော်ရောဂါများ ကာကွယ်ရန်နှင့် ပြင်းထန်သောရာသီဥတုဒဏ်များအပေါ် ခံနိုင်ရည်ရှိမှုမြှင့်တင်ရန် ကိုင်းဆက်နည်းပညာအသုံးပြုခြင်း” အကြောင်းအရာနှင့်ပတ်သက်၍ ဆွေးနွေးပြီး ဆွေးနွေးချက်များ အပေါ် တက်ရောက်လာသူများက မိမိတို့ကြုံတွေ့နေရသည့် စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများနှင့် သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေး သုတေသနဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သုတေသီပညာရှင်များ၊ တောင်သူကြီးများ စုစုပေါင်း ၁၁၉ ဦးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူ ၂၅၀ တို့က zoom point ၅၀ မှ တက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

ပြင်ဦးလွင်ကော်ဖီစီမံကိန်း လုပ်ငန်းရှင်များအနေဖြင့် ကော်ဖီပင်များဖြစ်ထွန်းအောင် စိုက်ပျိုးထားခြင်းမရှိပါက စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ကိုင်ခွင့် ရုပ်သိမ်း ဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၂၆

ပြင်ဦးလွင်ကော်ဖီစီမံကိန်း လုပ်ငန်းရှင်များ အနေဖြင့် စိုက်ပျိုးထားသည့်ကော်ဖီပင်များကို အပင်ဖြစ်ထွန်းအောင်မြင်မှုရှိအောင် ထိန်းသိမ်းပြုစုကြရန် လိုအပ်ကြောင်း၊ ထပ်မံကွင်းဆင်းစစ်ဆေး၍ ကော်ဖီပင်များ ဖြစ်ထွန်းအောင် စိုက်ပျိုးထားခြင်းမရှိပါက စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ကိုင်ခွင့် ရုပ်သိမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မှ တာဝန်ရှိသူများက ပြင်ဦးလွင်ကော်ဖီစီမံကိန်း လုပ်ငန်းရှင်များကို ယနေ့တွေ့ဆုံဆွေးနွေး ပြောကြားသည်။

ယနေ့တွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၄၃)ရှိ အစည်းအဝေးခန်းမ၌ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ မြေဓရိယာအပြည့်အဝ မစိုက်ပျိုးဘဲ တစ်စိတ်တစ်ဒေသကိုသာ စိုက်ပျိုးထားသူလုပ်ငန်းရှင် ၁၁ ဦးနှင့် စိုက်ပျိုးထားသော်လည်း ဖြစ်ထွန်းအောင်မြင်မှုအားနည်းနေသူ လုပ်ငန်းရှင် ၅၆ ဦးတို့အား ခေါ်ယူတွေ့ဆုံ ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တာဝန်ရှိသူများက လုပ်ငန်းရှင်များအား နည်းပညာ၊ မျိုးစေ့၊ ပျိုးပင်လိုအပ်ချက်များနှင့် အခြားအခက်အခဲများရှိပါက စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးပြောကြားပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေးတင်ပြမှုများအပေါ် ရှင်းလင်းဖြေကြားပေးသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကော်ဖီစီမံကိန်းဧရိယာအတွင်းရှိ ကော်ဖီစိုက်ပျိုးရန် လုပ်ကိုင်ခွင့်ချထားပေးသောမြေများအပေါ် စိုက်ပျိုးဆောင်ရွက်ထားမှုအခြေအနေကို မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းကာ ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အချို့မှာ ဧရိယာပြည့် စိုက်ပျိုးထားမှုမရှိခြင်း၊ အချို့မှာ စိုက်ပျိုးထားသည်ဆိုယုံမျှသာ စိုက်ပျိုးထားခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကျုံပျော်မြို့နယ်၌ ဆောင်းဆီထွက်သီးနှံ (နေကြာ) အစေ့ချစက်ဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကျုံပျော် နိုဝင်ဘာ ၂၆

ရောဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆ - ၂၀၂၇ ခုနှစ် ဆောင်းဆီထွက်သီးနှံ (နေကြာ) အစေ့ချစက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြမှုကို တောက်တဲ့ရိုးကျေးရွာ တောင်သူ ဦးဌေးအောင်၏ လယ်မြေသုံးဧကခွဲ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။



ဦးစွာ ကျုံပျော်ခရိုင် စိမ်ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကြခင်းစနစ်ပေါက်ရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးကြရန် ပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက နေကြာမျိုးများနှင့် စိုက်ပျိုးနည်းစနစ်များအား ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူများက နေကြာသီးနှံအား အစေ့ချစက်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

အင်္ဂပူမြို့နယ်၌ ဆောင်းဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးပွဲပြုလုပ်



အင်္ဂပူ နိုဝင်ဘာ ၂၆

ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကြို့ကုန်းကျေးရွာတွင် ယနေ့နံနက်ပိုင်းက ၂၀၂၆-၂၀၂၇ ခုနှစ် ဆောင်းဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးပွဲကို တောင်သူ ဦးရာဇာအောင်၏ လယ်ယာမြေ သုံးဧကခွဲ ပြုလုပ်သည်။

စိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အိန္ဒိယစပ်မျိုး နေကြာမျိုးစေ့အား စိုက်ပျိုးခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌက တောင်သူများနှင့်တွေ့ဆုံပြီး ဆောင်းဆီထွက်သီးနှံ နေကြာဧက စိုက်ပျိုးနိုင်ရေးနှင့် မြို့နယ်ဦးစီးမှူးက ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့သည်။

မန်းကျော်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ အယ်လ်နီညိုကာလအတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၂၆ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့မ (၅)ရပ်ကွက်အတွင်း၌ ဆောင်ရွက်စဉ်။

ခင်မောင်လွင်(ညောင်လေးပင်)



ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်း အယ်လ်နီညို ဖြစ်စဉ်ကြောင့် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင် လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

သာပေါင်း(ပြန်/ဆက်)



သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး

ပါကစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း ၁၀ ဦးမြောက် ပိုလီယိုရောဂါဖြစ်ပွားသူ ထပ်မံတွေ့ရှိ



အစ္စလာမာဘတ် နိုဝင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပက်တွန်ခွာပြည်နယ် ကာရက်ခရိုင်ရှိ အသက် ၁၄ လအရွယ် ကလေးငယ်တစ်ဦးတွင် ပိုလီယိုရောဂါပိုး တွေ့ရှိခဲ့ရပြီး ၎င်းသည် ၂၀၂၆ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ၁၀ ဦးမြောက် ဖြစ်ပွားမှုဖြစ်ကြောင်း အမျိုးသားအရေးပေါ်လုပ်ငန်းစဉ်ဗဟိုဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါကလေးငယ်တွင် တွေ့ရှိရသည့် ရောဂါပိုးသည် ခိုင်ဘာပက်တွန်ခွာပြည်နယ် တောင်ပိုင်းတွင် ပျံနှံနေသော ဗိုင်းရပ်စ်မျိုးကွဲနှင့် မျိုးဗီဇချင်း ဆက်စပ်နေကြောင်း သိရသည်။

ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ပိုလီယိုရောဂါသည် ၁၀ ဦးအနက် ရှစ်ဦးမှာ တောင်ပိုင်း ဆင်းဒ်ပြည်နယ်မှ ဖြစ်သည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်၏ တတိယအကြိမ်မြောက် နောက်ဆုံးအကြိမ် နိုင်ငံတစ်ဝန်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးလှုပ်ရှားမှုကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကာ ခရိုင်ပေါင်း ၁၆၇ ခုရှိ အသက် ငါးနှစ်အောက် ကလေးငယ် ၄၅ သန်းကျော်ကို ကာကွယ်ဆေးတိုက် ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပိုလီယိုရောဂါသည် ကုသ၍ ပျောက်ကင်းနိုင်သော ဆေးမရှိသော်လည်း ကာကွယ်ဆေး တိုက်ကျွေးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း အမျိုးသားအရေးပေါ်လုပ်ငန်းစဉ်ဗဟိုဌာနက အလေးပေးပြောကြားခဲ့သည်။

ထို့ပြင် မိဘများအနေဖြင့် ကာကွယ်ဆေးတိုက်ကျွေးရေး လှုပ်ရှားမှုတိုင်းတွင် အသက် ငါးနှစ်အောက် ကလေးငယ်အားလုံး ပိုလီယိုကာကွယ်ဆေး မပျက်မကွက် တိုက်ကျွေးစေရန်နှင့် ပုံမှန် ကာကွယ်ဆေးထိုးနှံမှုများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်းသိရသည်။

ဆင်ဟွာ



ဗန်ကောက်မြို့တော်ရှိ ရေနံချက်စက်ရုံတစ်ခုတွင် ပေါက်ကွဲမှုနှင့် မီးလောင်မှုဖြစ်ပွား၊ ကိုးဦး ဒဏ်ရာရ

ဗန်ကောက် နိုဝင်ဘာ ၂၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရေနံချက်စက်ရုံတစ်ခုတွင် ယနေ့မွန်းလွဲပိုင်းက ပေါက်ကွဲမှုနှင့် မီးလောင်မှု ဖြစ်ပွားခဲ့ရာ ကိုးဦး ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း အရေးပေါ်ကယ်ဆယ်ရေး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒေသဆိုင်ရာ အာဏာပိုင်များက စက်ရုံအနီးပတ်ဝန်းကျင်ရှိဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် အရေးပေါ်တိုက်တွန်းနှိုးဆော်ခဲ့သည်။

မီးလောင်မှုကို မိနစ် ၃၀ ခန့်အကြာတွင် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

မျက်မြင်တွေ့ရှိသူတစ်ဦးကလည်း ကျယ်လောင်သော ပေါက်ကွဲသံကြီးကို ကြားလိုက်ရပြီး မြေကြီးပါ အနည်းငယ် တုန်ခါသွားသည်ကို ခံစားခဲ့ရကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် အဆိုပါ ရေနံချက်စက်ရုံကို လည်ပတ်လုပ်ကိုင်နေသည့် ကုမ္ပဏီက စက်ရုံ၏ ထုတ်လုပ်ရေးလုပ်ငန်းစဉ်အားလုံးကို ယာယီရပ်ဆိုင်းထားပြီး မတော်တဆမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားခဲ့သည်။

အင်နံအိတ်ခ်ကေ

ဘရာဇီးနိုင်ငံ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုဖြစ်

ဆော်ပေါလို နိုဝင်ဘာ ၂၆

ဘရာဇီးနိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်မုန်တိုင်းတိုက်ခတ်မှုကြောင့် တစ်နှစ်သားအရွယ် ကလေးတစ်ဦးအပါအဝင် ဒေသခံအနည်းဆုံး ရှစ်ဦးသေဆုံးကြောင်း ဘရာဇီး မြို့ပြကာကွယ်ရေးအာဏာပိုင်များက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။ ရက်တရက် ရေကြီးရေလျှံမှုများကြောင့် အာဂျင်တီးနားနှင့် ပါရာဂွေးနယ်စပ်ရှိ ပါရာနာပြည်နယ်တွင် ဒေသခံခြောက်ဦးသေဆုံးခဲ့ပြီး အဆိုပါ ပြည်နယ်အတွင်းရှိ ဒေသများမှ ဒေသခံ ၁၀၀၀ ခန့် ထိခိုက်ခံစားခဲ့ရကြောင်း သိရသည်။

ဆော်ပေါလိုပြည်နယ်မွန်တီအယ်ဂါရီဒိုဆာဒေသတွင်ဖြစ်ပွားသည့် မြေပြိုမှုအတွင်း နေအိမ်ပျက်စီးမှုကြောင့်အသက် ၂၁ နှစ်အရွယ်ရှိအမျိုးသမီးတစ်ဦးနှင့် ၎င်း၏ တစ်နှစ်အရွယ်ရှိ သားဖြစ်သူတို့သေဆုံးခဲ့သည်။ နိုင်ငံအတွင်း အအေးလှိုင်းနှင့်အတူတိုက်ခတ်လာသည့် မုန်တိုင်းများ၏ အကျိုးသက်ရောက်မှုကြောင့်လည်း ရေကြီးရေလျှံမှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနေအိမ်မဲနှင့် အခြေခံ အဆောက်အအုံများထိခိုက်ပျက်စီးမှု ရှိခဲ့သည်။ ရီယိုဂရန်ဒီဒို့ဆာပြည်နယ်ရှိ တူပန်စီရီတာဒေသတွင်လည်း မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ယခုကဲ့သို့သော ပြင်းထန်သည့် ရာသီဥတုအခြေအနေများ ဖြစ်လာခဲ့ကြောင်းသိရသည်။

အီကွေတာပစိဖိတ်သမုဒ္ဒရာ ရေမျက်နှာပြင် ပူနွေးမှုကြောင့် ဖြစ်ပေါ်သည့် အယ်လ်နီညို ရာသီဥတုအခြေအနေအရ ဘရာဇီးနိုင်ငံတောင်ပိုင်း၌ မိုးရေချိန်ပိုများနိုင်ခြင်းကြောင့် သတိပေးချက်များ ဆက်လက်ထုတ်ပြန်ထားသည်။

ဆင်ဟွာ



တောင်ကိုရီးယား၌ စာမေးပွဲဆိုင်ရာ စည်းမျဉ်းများတင်းကျပ်

ဆိုးလ် နိုဝင်ဘာ ၂၆

တောင်ကိုရီးယားနိုင်ငံကျောင်းများတွင် ကျင်းပမည့် စာမေးပွဲများတွင် ကျောင်းသားများအနေဖြင့် စမတ်ဖုန်းအပါအဝင် နည်းပညာမြင့်ပစ္စည်းများသုံးစွဲကြောင်းစစ်ဆေးတွေ့ရှိပါက ၎င်းတို့၏ စာမေးပွဲရလဒ်အား သုညအဆင့်သတ်မှတ်မည်ဖြစ်ကြောင်း ခေတ္တပညာရေးဝန်ကြီး ချိုင် အန်အောဒ်က ပြောကြားသည်။ .

နည်းပညာအကူအညီဖြင့် မသမာမှုပြုလုပ်မှုများအပေါ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြီးမားသော ဝေဖန်ကန့်ကွက်မှုများဖြစ်ပေါ်လာပြီးနောက် အဆိုပါ စည်းမျဉ်းအသစ်များကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ အဆိုပါကိစ္စတွင် နိုင်ငံလုံးဆိုင်ရာ အခွန်စာရင်းကိုင် စာမေးပွဲ၌ အမှတ်အများဆုံးရရှိခဲ့သူတစ်ဦးက အသေးစားကင်မရာ၊ စမတ်ဖုန်းနှင့် ဥာဏ်ရည်တု နည်းပညာတို့ကို အသုံးပြု၍ မသမာမှုပြုလုပ် ခဲ့ကြောင်း ဝန်ခံခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်က ကျင်းပသည့် အစိုးရအဖွဲ့အစည်းအဝေးတွင် အလယ်တန်းနှင့် အထက်တန်းကျောင်းများ၌ ပြုလုပ်မည့် ကျောင်းတွင်း အကဲဖြတ်စစ်ဆေးမှုဆိုင်ရာ စီမံဆောင်ရွက်ချက်များကို ဝန်ကြီးတင်ပြခဲ့သည်။ ၎င်းအကဲဖြတ်စစ်ဆေးမှုများမှရလဒ်များသည် တက္ကသိုလ်ဝင်ခွင့်အပေါ်အကျိုးသက်ရောက်မှုရှိသည်။

အဆိုပါ ပြင်ဆင်သတ်မှတ်ထားသော စည်းမျဉ်းအသစ်များအရ မသမာမှုပြုလုပ်ကြောင်း တွေ့ရှိသည့်နေ့တွင် ဖြေဆိုခဲ့သော ဘာသာရပ် အားလုံးအတွက် ရမှတ်သုည မှတ်သာ ရရှိမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုနေစဉ် စမတ်ကိရိယာ တစ်ခုခုကို ကိုင်ဆောင်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းသည် မသမာမှုပြုလုပ်ခြင်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပြီး ထိုသို့ပြုလုပ်သည့် ကျောင်းသားများသည် ကျောင်းထုတ်ခံရခြင်း အပါအဝင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှုများနှင့် ရင်ဆိုင်ရနိုင်ကြောင်း ဆိုသည်။ စာမေးပွဲ မစတင်မီ ကျောင်းတာဝန်ရှိသူများအနေဖြင့် ဖုန်းများနှင့် အခြားအီလက်ထရွန်နစ်ပစ္စည်းများကို သိမ်းဆည်းထားမည်ဖြစ်ကာ ကျောင်းသားများ၏ အိတ်များကိုလည်း စာမေးပွဲ ဖြေဆိုသည့် အခန်းများနှင့် ဝေးရာနေရာတွင် ထားရှိစေမည်ဖြစ်သည်။ ထို့ပြင် စာမေးပွဲဖြေဆိုသည့်ရက်များတွင် ကျောင်းတွင်းရှိ ကြိုးမဲ့အင်တာနက် လိုင်းများကို ပိတ်ထားမည်ဖြစ်ပြီး သံသယ ဖြစ်ဖွယ်လှုပ်ရှားမှုများ ရှိ၊ မရှိ ကြိုးမဲ့အချက်ပြလိုင်းများကို စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်သည်။

ကျောင်းသားများသည် စာမေးပွဲခန်းမများသို့ မဝင်ရောက်မီနှင့် အိမ်သာမှ ပြန်လာသည့် အချိန်များတွင် သတ္တုရှာဖွေစက်ဖြင့် စစ်ဆေးခံရနိုင်သည်။ ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် အရေးယူမှုများကို ပိုမိုတင်းကျပ်ရန်၊ စာမေးပွဲဖြေဆိုခွင့် ပိတ်ပင်ခံရသည့် ကာလများကို တိုးမြှင့်ရန်နှင့် စစ်ဆေးမှုများပြုလုပ်နိုင်ရန် အတွက် ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်မှုများ ပြုလုပ်ရန် စီစဉ်လျက်ရှိသည်။ **Vn Express**

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမလေးလအတွင်း နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ၃၃ ဒသမ ၃၃ ရာခိုင်နှုန်း မြင့်တက်

ခင္တာမန္တူ နိုဝင်ဘာ ၂၆

နိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၏ ပထမလေးလအတွင်း သွင်းကုန်နှင့် ပို့ကုန် နှစ်ရပ်လုံး သိသိသာသာ မြင့်တက်လာမှုကြောင့် ၃၃ ဒသမ ၃၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး နိုင်ငံရေးပြဿနာ ၆ ဒသမ ၂၉ ဘီလီယံ အမေရိကန်ဒေါ်လာ ရှိခဲ့ကြောင်း နိုင်ငံအကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်သော နောက်ဆုံးရကုန်သွယ်မှုစာရင်းဇယားများအရ သိရသည်။ ယခင်ဘဏ္ဍာနှစ်၏ အလားတူကာလအတွင်း နိုင်ငံခြားကုန်သွယ်မှုမှာ နိုင်ငံရေးပြဿနာ ရှိခဲ့သည်။

ပို့ကုန်တိုးတက်နှုန်းသည် သွင်းကုန်တိုးတက်နှုန်းထက် ပိုမိုမြန်ဆန်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ် အလားတူကာလက နိုင်ငံရေးပြဿနာ ၄၉ ဘီလီယံ ရှိခဲ့ရာမှ ၄၃ ဒသမ ၄၈ ရာခိုင်နှုန်း မြင့်တက်ကာ နိုင်ငံရေးပြဿနာ ၁၃၄ ဒသမ ၁၄ ဘီလီယံအထိ ရောက်ရှိခဲ့သည်။ တစ်ချိန်တည်းတွင် သွင်းကုန်မှာ နိုင်ငံရေးပြဿနာ ၆၀၉ ဒသမ ၄၅ ဘီလီယံမှ ၃၁ ဒသမ ၇၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး နိုင်ငံရေးပြဿနာ ၈၀၃ ဒသမ ၀၉ ဘီလီယံ ရှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် နိုင်ငံရေးပြဿနာ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ နိုင်ငံရေးပြဿနာ ၅၇၄ ဒသမ ၈၀ ဘီလီယံ ရှိခဲ့ရာ နိုင်ငံရေးပြဿနာ၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှု၏ ၆၁ ဒသမ ၃၂ ရာခိုင်နှုန်းအထိ ပါဝင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

နောင်ချို့မြို့နယ်၌ ငွေကျပ်သိန်း ၁၅၀ တန်ဖိုးနှင့် တာချီလိတ်မြို့၌ ငွေကျပ် ၁ ဒသမ ၀၀၃၉ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

နောင်ချို့မြို့နယ်၌ ငွေကျပ်သိန်း ၁၅၀ တန်ဖိုးနှင့် တာချီလိတ်မြို့၌ ငွေကျပ် ၁ ဒသမ ၀၀၃၉ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



တရားခံ စိုင်းစွမ်ခေးနှင့် မရွှေကြည်(ခ) နန်းလောင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၄ ရက် ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နောင်ချို့မြို့နယ် ပါဟတ်ရပ်ကွက်အနီးတွင် နောင်ချို့မြို့ ဘူတာရပ်ကွက်နယ်မြေ(၁၂)နေ စိုင်းစွမ်ခေး(၂၇) နှစ် မောင်းနှင်လာသော CANDA CZI အမျိုးအစား ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၃၀၀၀(တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၅၀)သိမ်းဆည်းရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် သိမ်းဆည်းရမိ စိတ်ကြွဆေးပြားများ ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ မရွှေကြည်(ခ)နန်းလောင်(၄၈) နှစ်ကို နောင်ချို့မြို့နယ် တဲတိုက်ကျေးရွာရှိ နေအိမ်တွင် ထပ်မံဖမ်းဆီးရမိသဖြင့် စိုင်းစွမ်ခေးနှင့် မရွှေကြည်(ခ)နန်းလောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက်ရှိ ကျလား(၂၈) နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေသူ စိုးလာမူ(၃၀)နှစ်တို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ၃၃ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၈၅ သိန်း နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၈၀၅ သိန်း)၊ HAPPY WATER ၅ ဒသမ ၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၈၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၄၁၆၀)၊ ကက်တမင်းအဆိတစ်လီတာ (တစ်လီတာလျှင် ငွေကျပ် သိန်း ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၃၀၀၀)၊ အက်တက်စီဆေးပြား ၁၀၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀)။ ကက်တမင်းသုည ဒသမ ၃ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၆၀ သိန်း)၊ စိတ်ကြွဆေးပြား ၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၀၀ သိန်း)တို့ကို သိမ်းဆည်းရမိသဖြင့် ကျလားနှင့် စိုးလာမူတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ သတင်းစဉ်

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၂၆

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ဝမ်တုန်ရွာနေ အမျိုးသမီးတစ်ဦးကို ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်နေသူ နန်းခမ်းလှနှင့် ပန်ဆန်းမြို့နေ အိုက်သန်းတို့က Messenger မှ ပန်ဆန်းမြို့ရှိ အကင်ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် တရုတ်ယွမ် ၃၅၀၀ ရရှိမည်၊ လုပ်ကိုင်မည်ဆိုပါက ခရီးစရိတ်/စားစရိတ် စိုက်ထုတ်ခေါ်ဆောင်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး ပန်ဆန်းမြို့မှတစ်ဆင့် တရုတ်နိုင်ငံ စန်းတုန်းပြည်နယ်နေ နန်းခမ်းလီထံသို့ ပို့ဆောင်ကာ တရုတ်အမျိုးသားတစ်ဦးနှင့် အမွေလက်ထပ်စေရန် တရုတ်ယွမ် ၁၇၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း စိစစ်သိရှိရသဖြင့် တန့်ယန်းမြို့မ ရဲစခန်း (ပ)၄၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး နိုဝင်ဘာ ၂၀ ရက်တွင် တန့်ယန်းခရိုင်တရားရုံးက ဖမ်းမိတရားခံ နန်းခမ်းလူကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရောင်တရားခံ အိုက်သန်းနှင့် နန်းခမ်းလီတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် ကျွန်း ၁၂ ဒသမ ၃၁၁၆ တန်၊



သစ်မာ ၃ ဒသမ ၀၃၀၆ တန်၊ အခြားသစ် ၂၄ ဒသမ ၃၅၀၀ တန် စုစုပေါင်း ၃၉ ဒသမ ၆၉၂၂ တန်၊ ယာဉ်/ယန္တရားခြောက်စီး၊ တရားခံ ကိုးဦးတို့ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။ သတင်းစဉ်

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မြန်မာ့အသံနှင့်ခွဲပြင်ဆဲကြား

၂၇-၁၁-၂၀၂၆ သောကြာနေ

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များကမိုဂိတရားတော်ရွတ်တတ်ပူဇော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ အပြည်ပြည်ဆိုင်ရာသစ်တောနေ့အထိမ်း အမှတ်အစီအစဉ် စိမ်းလန်းစိုပြေမြန်မာမြေ သစ်ပင်ပိုက်ဂိုလိုအေးဆေးစေ
၀၉:၃၀ ကျွန်းဆွစ်သောက်ပဲ
၀၉:၄၀ Soccer View
၁၀:၃၅ နိုင်ငံတော်သမ္မတနှစ်ဆုတိုယအကြိမ် သတင်းစာရွှေလမင်းဖွဲ့ (အပိုင်း-၃)
၁၁:၃၀ လှုပ်ရှားသတင်းများ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ဇာခိုင်' (အပိုင်း-၂၅)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဌေးရောင်းအာခတ်' (အပိုင်း-၃)

mitv

07:01 Evergreen Classic; Mingalar Su Taung (Kyawt Kay Khaing)
07:08 Taungoo City Travelogue
07:35 Popsicle Sticks Art Creator
07:48 Listening Pleasure, Instrumental Music (Don Min) Mya Nanda
08:01 News
08:26 Sports & Games
08:35 Myanma Gone Yi U Sein Tun Kyi
09:01 The Four Famous of Bagan
09:20 Hnin Zi Gone Home for the aged
10:01 News

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၈:၀၀)
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် ပဟာဂၢါကြံဆစ်
ချင်း (ဇိုဟ်) (၀၈:၀၀ မှ ၀၈:၃၀)
ချင်း(ဇိုဟ်)တို့၏ထုံးရိုးဓလေ့ဘင်္ဂ
မွန် (၀၈:၀၀ မှ ၁၀:၀၀)
သစ်တိုသီးတံသားချက်နဲ့မွှေစတ်ဆာလှ
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ဂူးစောင်းလက်ဝဲအိုကျန်းမာရေး
ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
ပေါဒူဝံးဒွင်ဇွယ်ဒွန်းမွန်ဝံကသာယာလုပသင်းသိင်းတောင်ဒေသ
ဝ (၁၃:၀၀ မှ ၁၆:၀၀)
'ဝ' ဘာသာစကားပြဟြာရုံးအောင်
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
ဒံကြက်ညှပ်ဝင်းလုပ်စက်ကြမယ်
ကယား (၁၈:၀၀ မှ ၂၀:၀၀)
မြင်ဝတ္ထုဇေဠင်ကယားတိုင္ဘာနေ
ဓလောက်ကရင် (၂၀:၀၀ မှ ၂၁:၀၀)
နေဝီယာမန်းချင်းဝမ်မြက်နှင့်ဖွေမြွေရေး
အနောက်ပိုင်းကရင် (၂၁:၀၀ မှ ၂၂:၀၀)
မိတ္တီလာကန်သိုအလည်တစ်ဒေါက်
အရှေ့ပိုင်းကရင် (၂၂:၀၀ မှ ၂၃:၀၀)
ဆွေညီနောင်များဘာသာစကားခြင်္ဂါချစ်ကြည်ဓမ္မည် အမိမြန်မာမြည်(အပိုင်း-၃)

MRTV NEWS

၀၆:၀၀ အလွှင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်ရှုမှုများအားတစား
၀၇:၀၀ ပြည်တွင်းသတင်း(LIVE)
၀၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်းကွာ(LIVE)
၁၈:၁၅ Football Highlights
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၄၅ ရသမုံရွာနှစ်မြန်မာ့
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

၀၇:၀၀ အလွှင့်၊အလံ
၀၇:၃၀ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (Replay)
၂၀:၀၀ ပြည်တွင်းသတင်း(၂၇-၁၁-၂၀၂၆)

MRTV FARMERS'

၀၆:၀၀ အလွှင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၂ တောင်သူလယ်ယာစေရာသတင်းနှင့် မိုးလေဝသ
၀၆:၂၅ ရက်တိုတိုနဲ့ဝင်ငွေခွင်ဝစိုက်သူသီးနှံ စိုက်ပျိုးကြပါစို့
၀၇:၀၀ စိုက်ပျိုးမွေးမြူရေးပုတာဘက်
၀၈:၀၀ ကျေးလက်ကွန်ရက်
၀၉:၀၀ အရာထမ်းခြားတောင်းမှန့်နေ့ပြည်တော် လက်ဆောင်မှန့်ထွေကြယ်မှန့်တိုက်
၁၀:၃၀ ပုဂံပုဂိုးတွေ့ရတုန်းက(အပိုင်း-၀) (မြန်မာဇာတ်လမ်းတွဲ)

MRTV SPORTS

၀၆:၀၀ အလွှင့်
၀၆:၂၀ လှုပ်ရှိတ်အတွက်လမ်းပြကြယ်
၀၆:၃၅ Sports Diary
၀၇:၃၀ Soccer View
၀၈:၀၀ (၃၁)ကြိမ်မြောက်အလွှတော်အာရှ အားကစားပြိုင်ပွဲ(အမျိုးသား) ပိုက်ကွက်ပြိုင်ပွဲ (Replay) (မြန်မာ Vs ဗီယက်နမ်)
၁၀:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ် နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံတစ်လုံးအား ယနေ့ အထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုတွင် ယနေ့အထိ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၉ လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၃ လုံးကို ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီးကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရှု။

တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းအချို့ ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) ထုတ်လွှင့်မှုကို ၂၀၂၆ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှ နိုဝင်ဘာလ(၃၀)ရက်နေ့ထိ နေ့စဉ် နံနက်(၆:၀၀)နာရီမှ စတင်၍ ချင်း(လိုင်မိန်း)၊ ချင်း (ချိုး) ၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ ‘ဝ’ ၊ ကချင် ၊ ကယား၊ စကောကရင်ဘာသာ ၊ အနောက်ပိုးကရင်ဘာသာ၊ အရှေ့ပိုးကရင် ဘာသာအစီအစဉ်များကို ည(၂၃:၀၀)နာရီထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခုအခါ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့မှ ၂၀၂၇ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ နေ့စဉ် နံနက်(၆:၀၀)နာရီမှ(၇:၀၀)နာရီထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက်(၇:၀၀)နာရီမှ (၉:၀၀)နာရီထိ မွန်ဘာသာ အစီအစဉ်၊ နံနက်(၉:၀၀)နာရီမှ နံနက်(၁၁:၀၀) နာရီထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက်(၁၁:၀၀) နာရီမှ မွန်းလွဲ(၁၃:၀၀)နာရီထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ(၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီထိ “ဝ”ဘာသာအစီအစဉ်၊ မွန်းလွဲ(၁၅:၀၀)နာရီမှ (၁၇:၀၀)နာရီထိ ကချင်ဘာသာအစီအစဉ်၊ ညနေ(၁၇:၀၀)နာရီမှ ည(၁၉:၀၀)နာရီထိ ကယားဘာသာအစီအစဉ်၊ ည(၁၉:၀၀)နာရီမှ (၂၀:၀၀)နာရီထိ စကောကရင် ဘာသာအစီအစဉ်၊ ည(၂၀:၀၀)နာရီ မှ (၂၁:၀၀)နာရီထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည(၂၁:၀၀)နာရီမှ (၂၂:၀၀)နာရီထိ အရှေ့ပိုးကရင် ဘာသာအစီအစဉ်၊ ည(၂၂:၀၀) နာရီ မှ (၂၃:၀၀) နာရီထိ ချင်း(လိုင်မိန်း) ဘာသာအစီအစဉ်တို့ကို အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။

(၁.၁၂.၂၀၂၆) မှ (၃၁.၃.၂၀၂၇)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံ လိုင်း ထုတ်လွှင့်ချိန်စာရင်း

စဉ်	ဘာသာ	ထုတ်လွှင့်ချိန်
၁။	ချင်း(ချိုး)	၀၆:၀၀ - ၇:၀၀ နာရီ
၂။	မွန်	၇:၀၀ - ၉:၀၀ နာရီ
၃။	ရခိုင်	၉:၀၀ -- ၁၁:၀၀ နာရီ
၄။	ရှမ်း	၁၁:၀၀ - ၁၃:၀၀ နာရီ
၅။	“ဝ”	၁၃:၀၀ - ၁၅:၀၀ နာရီ
၆။	ကချင်	၁၅:၁၀ -၁၇:၀၀ နာရီ
၇။	ကယား	၁၇:၀၀ - ၁၉:၀၀ နာရီ
၈။	စကောကရင်	၁၉:၀၀ - ၂၀:၀၀ နာရီ
၉။	အနောက်ပိုးကရင်	၂၀:၀၀ - ၂၁:၀၀ နာရီ
၁၀။	အရှေ့ပိုးကရင်	၂၁:၀၀ - ၂၂:၀၀ နာရီ
၁၁။	ချင်း(လိုင်မိန်း)	၂၂:၀၀ - ၂၃:၀၀ နာရီ

- တိုင်းရင်းသားအစီအစဉ် (၁၁)ဘာသာအား နေ့စဉ် နံနက်(၆:၀၀)နာရီမှ ည (၂၃:၀၀)နာရီထိ ထုတ်လွှင့်ချိန် (၁၇:၀၀) နာရီ ထုတ်လွှင့်လျက်ရှိပါသည်။
- (၄) လတစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းလဲထုတ်လွှင့်လျက်ရှိရာ ယခုပြောင်းလဲခြင်းမှာ (၃၇)ကြိမ်မြောက် ဖြစ်ပါသည်။

အောင်လံမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

အောင်လံ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပွားလာနိုင်သည့် မီးဘေး အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေး မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ယနေ့တွင် အောင်လံမြို့ရှိ ဟန်ဆီစက်၊ ဝါစက်လုပ်ငန်း၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် အောင်လံမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံအတွင်း မီးဘေးအန္တရာယ် ဖြစ်ပွားစေနိုင်သည့် လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းထားရှိမှု အခြေအနေ၊ မီးသတ်ဆေးဘူးများ ကောင်းမွန်ပြည့်စုံမှု ရှိ/မရှိ၊ မီးငြိမ်းသတ်ရေးသုံး ရေကန်နှင့် ရေလှောင်ကန်များ အသင့်ရှိမှု အခြေအနေတို့ကို စစ်ဆေးခဲ့ကြပြီး လုပ်ငန်းခွင်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များကို တာဝန်ရှိသူများနှင့် အလုပ်သမားများအား အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကောင်းစစ်နိုင်



